THE ENGINE ROOM

# ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများရှိ ဒီဂျစ်တယ်မှတ်ပုံတင်စနစ်များ - ဖြစ်ရပ်လေ့လာချက်

https://www.digitalid.theengineroom.org

ဤအစီရင်ခံစာကို Omidyar Network, Open Society Foundation နှင့် Yoti Foundation တို့၏ ပံ့ပိုးမှုဖြင့် The Engine Room မှ ၂၀၁၈ အောက်တိုဘာ မှ ၂၀၁၉ ဒီဇင်ဘာ အတွင်းပြုလုပ်ခဲ့သော သုတေသနအပေါ်အခြေခံ၍ ရေးသားပြုစုထားပါသည်။

သုတေသနပြုသူ - Sharid Bin Shafique

သုတေသနဒီဇိုင်းအကြံပေး - Sophia Swithern

အရေးအသား - Madeleine Maxwell ၊ Zara Rahman နှင့် Sara Baker (The Engine Room)

သုံးသပ်တည်းဖြတ်ခြင်း - Laura Guzman နှင့် Sivu Siwisa (The Engine Room; Ellery Roberts Biddle)

ဘာသာပြန် - Global Voices

စာမျက်နှာဒီဇိုင်း - Salam Shokor

ဤအစီရင်ခံစာပါ စာများအားလုံးကို Creative Commons Attribution-Share Alike 4.0 အပြည်ပြည်ဆိုင်ရာလိုင်စင်အောက်တွင်ထားရှိသည်ဖြစ်ပြီး လိုင်စင်ကော်ပီကို https://creativecommons.org/licenses/by-sa/4.0/ တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

# မိတ်ဆက်

၂၀၁၉ ခုနှစ်တွင် The Engine Room သည် ပြည်တွင်းသုတေသနပညာရှင်များနှင့် ပူးပေါင်း၍ ဒေသငါးခုရှိ ဒီဂျစ်တယ်မှတ်ပုံတင်စနစ်များကို လေ့လာခဲ့ကြသည်။ စီမံချက်၏ရည်ရွယ်ချက်မှာ ဒီဂျစ်တယ်မှတ်ပုံတင်စနစ်အတွင်း လည်ပတ်နေရသော ဒေသခံလူထုအပေါ် စနစ်၏အကျိုးသက်ရောက်မှု မည်သို့ရှိသည်ကို နားလည်နိုင်ရန်အတွက်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်မှ ကျွန်ုပ်တို့၏ သုတေသနာပညာရှင်က ရိုဟင်ဂျာမွတ်စလင်လူထုနှင့် ဆက်သွယ်ပြောဆိုရာတွင် ယဉ်ကျေးမှုနှင့်ဘာသာစကားအတားအဆီးများကို ကျော်လွှားရန် ဒေသခံအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့သည်။ အဖွဲ့တွင် အမျိုးသမီး၊ အမျိုးသား သုတေသနလက်ထောက်များနှင့် စကားပြန်များပါဝင်သကဲ့သို့ တွေ့ဆုံမေးမြန်းမှုများကို အင်္ဂလိပ်သို့ ဘာသာပြန်ဆိုသူများလည်းပါဝင်ခဲ့သည်။

ကော့ဘဇားတွင်ပြုလုပ်ခဲ့သည့် သုတေသနတွင် ရိုဟင်ဂျာဒုက္ခသည်အသိုင်းအဝိုင်းမှ အဓိကသတင်းအချက်အလက်ပေးနိုင်သူ ၁၀ ဦးနှင့် အသေးစိတ်တွေ့ဆုံမေးမြန်းခြင်းမှုများပြုလုပ်ခဲ့ကာ မာဂျ်ဟိ[1] နှင့်အခြား ရပ်ကျေးခေါင်းဆောင်များ၊ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဒုက္ခသည်များကယ်ဆယ်ရေးနှင့် နေရပ်သို့ပြန်လည်ပို့ဆောင်ရေး (RRRC) ပိုင်းမှ အကြီးတန်းအရာရှိတစ်ဦးတို့ ကို တွေ့ဆုံမေးမြန်းခဲ့ပြီး မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ မြန်မာတပ်မတော်၏သတ်ဖြတ်မှုကြောင့် ခင်ပွန်းသည်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများနှင့် မြန်မာတပ်မတော်၏ ညှင်းပန်းနှိပ်စက်မှုမှ ရှင်သန်လွတ်မြောက်လာသူများ စသည့်အန္တရာယ်ကျရောက်လွယ်သူများပါဝင်သည့် အုပ်စုလိုက်ဆွေးနွေးမှု ၁၀ ခုလည်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ကနဦးသုတေသနကို အူခီယ နှင့် တက်နာ့ဖ် ဒုက္ခသည်စခန်းတို့တွင် ၂၀၁၉ မတ်လနှင့် ဧပြီလအတွင်း ပြုလုပ်ခဲ့သည်။ ဒုက္ခသည်များနှင့် အဓိကသတင်းအချက်အလက်ပေးနိုင်သူများ၏ ပြောဆိုချက်များအားလုံးမှာ ထိုကာလအတွင်း ကော့ဘဇားတွင်ပြုလုပ်ခဲ့သော တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုလိုက်ဆွေးနွေးမှုများမှ ထွက်ပေါ်လာသော ပြောဆိုချက်များဖြစ်ပါသည်။ သုတေသနနည်းလမ်းအသေးစိတ်ကို အပြည့်ပြည့်ဆိုင်ရာအစီရင်ခံစာ[2] တွင် တွေ့ရှိနိုင်ပါသည်။

ကော့ဘဇား ဒုက္ခသည်စခန်းသို့ဝင်ရောက်နိုင်ရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း ဝင်ခွင့်မရသည့်အခြေအနေတို့ကြောင့် သုတေသနအဖွဲ့သည် ဝင်ရောက်ခွင့်ပြုသည်နှင့်တစ်ပြိုင်နက် ကြိုတင်စီစဉ်ထားသည်ထက် ပိုမိုလျင်မြန်စွာအလုပ်လုပ်ရသည့် အနေအထားများရှိခဲ့သည်။ စခန်းသို့ဝင်ရောက်ပြီးသော်လည်း တွေ့ဆုံမေးမြန်းနိုင်ရန် ကြာရှည်စွာစောင့်ဆိုင်းခဲ့ရခြင်းတို့ကြောင့် အလုပ်ကောင်းစွာမတွင်ခဲ့ပါ။ အဖွဲ့အနေဖြင့် ရပ်ကျေးခေါင်းဆောင်များ၊ ဘင်္ဂလားဒေ့ရှ်အစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်း၊ ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့သော်လည်း ဘင်္ဂလားဒေ့ရှ်တွင် တာဝန်ထမ်းဆောင်နေသော မည်သည့် UNHCR ဝန်ထမ်းကိုမှ တွေ့ဆုံမေးမြန်းမှုမပြုလုပ်နိုင်ခဲ့ပါ။ သုတေသနရလဒ်များကို ရေးသားပြုစုနေသည့် ၂၀၁၉ နိုဝင်ဘာ နှင့် ဒီဇင်ဘာ ကာလအတွင်း UNHCR ၏ စီမံကိန်းပံ့ပိုးရေးနှင့် စီမံခန့်ခွဲရေးဌာနစိတ်သို့ဆက်သွယ်ခဲ့ကာ ၎င်းတို့ထံမှ မှတ်ချက်များကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။

ဤစီမံချက်သည် လူတစ်ဦးချင်းစီတို့ ဖြတ်သန်းခဲ့ရသောအတွေ့အကြုံများကိုနားလည်ရန်ရည်ရွယ်သည်ဖြစ်ပြီး လူဦးရေအုပ်စုတစ်စုချင်းစီကိုကိုယ်စားပြုသည့် နမူနာအရေအတွက်ရရှိရန် ဦးတည်ထားခြင်းမဟုတ်ပါ။ တွေ့ဆုံမေးမြန်းခဲ့သူအားလုံးနည်းပါးက စနစ်တစိတ်တပိုင်းနှင့်ပတ်သက်၍ တူညီသည့်အတွေ့အကြုံများရှိခဲ့သည်ဟု ဆိုနိုင်သော်လည်း လူတစ်ဦးတစ်ယောက်၏ အတွေ့အကြုံများကို စံနူန်းတစ်ခုအဖြစ် ယှဉ်ထိုးသုံးသပ်၍မရပါ သို့သော် စုံလင်ကွဲပြားသော ခံယူသတ်မှတ်ချက်များနှင့် အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားခြင်းမရှိသော ဒစ်ဂျစ်တယ်အဆောက်အအုံများနှင့်

[1] ရိုဟင်ဂျာအိမ်ထောင်စု ၈၀ - ၁၂၀ ခန့်ကို တာဝန်ယူထားသော ရပ်ကျေးခေါင်းဆောင်
[2] The Engine Room. (2020). Understanding the lived effects of digital ID: A multi-country report.

စည်းကမ်းသတ်မှတ်ချက်များကြောင့် ကွဲပြားသည့်လူအုပ်စုများအပေါ် မည်မျှသက်ရောက်မှုရှိကြောင်းကို အတွေ့အကြုံတစ်ခုချင်းစီမှတစ်ဆင့် ထိုးထွင်းသိမြင်ရပါသည်။

## သမိုင်းနောက်ခံအနေအထား

၁၉၈၂ ခုနှစ်ကတည်းက နိုင်ငံသားအသိအမှတ်ပြုစာရွက်စာတမ်းများပြုလုပ်ပေးရန် ငြင်းဆိုနေခဲ့မှုအပါအဝင် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် နှိပ်စက်မှုများခံခဲ့ရသည့်နောက် ကုလသမဂ္ဂစုံစမ်းစစ်ဆေးသူများအခေါ် "လူမျိုးတုန်းသတ်ဖြတ်ရန်ရည်ရွယ်ချက်" [3] ဖြင့်ပြုလုပ်သည့် စစ်ဆင်ရေးဖြစ်သော မြန်မာတပ်မတော်၏ ဦးတည်အကြမ်းဖက်လုပ်ရပ်များ (လုံခြုံရေးတပ်အားလုံး၊ တရားဥပဒေစိုးမိုးရေးနှင့် အစိုးရဌာနပိုင်းဆိုင်ရာ ရာထူးနေရာအချို့ကိုထိန်းချုပ်ခြင်း) ကြောင့် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာမွတ်စလင်ဦးရေ ၇ သိန်း (၇၀၀၀၀၀) ကျော်ခန့်သည် မြန်မာနိုင်ငံကို စွန့်ခွာထွက်ပြေးခဲ့ကြသည်။ လူတစ်ဦးချင်းနှင့် မိသားစုအလိုက် အိမ်နီးချင်းနိုင်ငံများသို့ တိမ်းရှောင်ထွက်ပြေးခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်အစိုးရက အချိန်တန်လျှင် မြန်မာနိုင်ငံသို့ ပြန်လည်သွားရောက်ရမည်ဟူသော သဘောတူညီချက်ဖြင့် ရိုဟင်ဂျာလူမျိုးစုများကို လက်ခံထားခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်သို့ အများဆုံးဝင်ရောက်ခိုလှုံခဲ့ကြသည်။ ၂၀၁၉ ဩဂုတ်လအချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ရိုဟင်ဂျာဒုက္ခသည်စုစုပေါင်း ၉ သိန်း (၉၀၀၀၀၀) ခန့် ခိုလှုံလျက်ရှိသည်။[4]

ရိုဟင်ဂျာအရေးတွင် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်း၍ အကြမ်းဖက်မှုကျူးလွန်ခံရသည်ဖြစ်သောကြောင့် အစိုးရမှထုတ်ပေးသော နိုင်ငံသားအသိအမှတ်ပြုလက်မှတ်၏ အခန်းကဏ္ဍသည် အထူးသဖြင့်အရေးပါသည်။ မြန်မာအစိုးရသည် (အခြားအုပ်စုအချို့ကို အသိအမှတ်ပြုထားသော်လည်း) ရိုဟင်ဂျာမွတ်စလင်လူမျိုးစုကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများထဲမှတစ်စုဟု အသိအမှတ်ပြုထားခြင်းမရှိသကဲ့သို့ များစွာသောရိုဟင်ဂျာများသည် မြန်မာနိုင်ငံတွင်မွေးဖွားသည်ဖြစ်သော်လည်း နိုင်ငံသားဖြစ်ခွင့်မရရှိကြပါ။ အဆိုပါအနေအထားတွင် တခြားသော 'အကောင်းဆုံးနည်းလမ်းများ' ဖြစ်သည့် လူမျိုးစုဆိုင်ရာ အချက်အလက်များ မကောက်ခံခြင်း သို့မဟုတ် လူမျိုးစုအချက်အလက်ကို နိုင်ငံသားကတ်ပေါ်တွင် မဖော်ပြခြင်းတို့နှင့် ဆန့်ကျင်၍ ရိုဟင်ဂျာအုပ်စုများက ၎င်းတို့၏လူမျိုးစုကို နိုင်ငံသားစိစစ်ရေးကတ်တွင် တရားဝင်အသိအမှတ်ပြုထည့်သွင်းပေးရမည်ဟု တောင်းဆိုခဲ့သည်။ နိုင်ငံသားကတ်တွင် ၎င်းတို့၏လူမျိုးစုကို ထည့်သွင်းဖော်ပြခြင်းသည် လူမျိုးစုကိုအသိအမှတ်ပြုရန်နှင့် မြန်မာနိုင်ငံသားဖြစ်ခွင့်ကိုလည်းထိန်းသိမ်းနိုင်ရန် အဓိကကျသည့်အဆင့်ဖြစ်သည်ဟု ရိုဟင်ဂျာအုပ်စုကမြင်သည်။

ရိုဟင်ဂျာလူဦးရေနှင့်ပတ်သက်၍ နိုင်ငံသားအသိအမှတ်ပြုမှုစနစ် အမျိုးအစားအမျိုးမျိုးကို အသုံးပြုလျက်ရှိသည်။ UNHCR ၏ စာရင်းသွင်းစနစ် (ဒေသအခေါ် 'ပူးတွဲစိစစ်သည့်စနစ်' သို့မဟုတ် 'စမတ်ကတ်စီမံချက်') ကိုလေ့လာခဲ့သည် သို့သော် ပို၍နားလည်စေရန် မြန်မာအစိုးရမှ ၂၀၁၆ တွင်စ၍ [5] ရိုဟင်ဂျာများကို ထုတ်ပေးခဲ့သော (အချို့အခြေအနေတွင် အတင်းအကြပ်ပေးအပ်ခဲ့သော [6])၊ နောက်ဆုံးအခေါ်အဝေါ်အရ "နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC)" ဟုခေါ်သည့် တရားဝင်အသိအမှတ်ပြုပုံစံများကိုလည်း ဖော်ပြသွားပါမည်။

သက်သေခံကတ်ပြားတွင် ရိုဟင်ဂျာများအား "ဧည့်နိုင်ငံသား" အဖြစ်သတ်မှတ်ဖော်ပြထားပြီး ရိုဟင်ဂျာလူမျိုးစု ဖြစ်တည်မှုကို ဖျောက်ကွယ်ထားကာ ၎င်းတို့အား နိုင်ငံသားဖြစ်ခွင့်နှင့် အခြားဆက်စပ်သောရပိုင်ခွင့်များကို ငြင်းဆန်ထားသည်။ သုံးသပ်သူအချို့က မြန်မာအစိုးရသည်

---

[3] Office of the High Commissioner for Human Rights. (2019). Human Rights Council—Sexual and gender-based violence in Myanmar and the gendered impact of its ethnic conflicts. https://www.ohchr.org/Documents/HRBodies/HRCouncil/FFM-Myanmar/sexualviolence/A_HRC_CRP_4.pdf
[4] UNHCR. (2019). Rohingya Refugee Response—Bangladesh: Population factsheet. https://data2.unhcr.org/en/documents/download/71171
[5] Ibid.
[6] Fortify Rights. (2019). Tools of Genocide—National Verification Cards and the Denial of Citizenship of Rohingya Muslims in Myanmar. https://www.fortifyrights.org/downloads/Tools%20of%20Genocide%20-%20Fortify%20Rights%20-%20September-03-2019-EN.pdf

အဆိုပါစနစ်ကိုအသုံးပြု၍ ရိုဟင်ဂျာလူဦးရေကိုခြေရာခံကောက်ယူကာ နောက်ထပ်ဦးတည်ဖိနှိပ်မှုများ[7] ပြုလုပ်လာနိုင်သည်ဟု သုံးသပ်ကြသည်။ တွေ့ဆုံခဲ့သော ရိုဟင်ဂျာဒုက္ခသည်များက ၎င်းတို့နှင့်ပတ်သက်သည့် အချက်အလက်များကောက်ယူသည်နှင့်အတူ နိုင်ငံသားဖြစ်ခွင့်ကိုရရှိမှသာ အဆိုပါအချက်အလက်များဖြင့် ၎င်းတို့ကိုတန်ပြန်တိုက်ခိုက်မည်မဟုတ်ဟု ယုံကြည်စိတ်ချမှုရှိနိုင်မည်ဖြစ်ကြောင်း ပြောဆိုသည်။

ဤအခြေအနေတွင် ၎င်းတို့၏နိုင်ငံသားဖြစ်မှုကို ငြင်းပယ်ထားခံရသည်ဖြစ်သည့်အတွက် ရိုဟင်ဂျာများသည် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ရန်သော်လည်းကောင်း၊ သက်သေခံကတ်ပြားများကို ရယူရန်သော်လည်းကောင်း ငြင်းဆန်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် လက်ရှိတွင် မဆုတ်သာမတိုးသာအခြေအနေမျိုးဖြစ်နေပြီး မြန်မာအစိုးရလည်း နေရပ်သို့ပြန်လည်ဝင်ရောက်ရန် သက်သေခံကတ်ပြားရှိရန်လိုအပ်သည်ဟု ပြောသကဲ့သို့ ရိုဟင်ဂျာများကလည်း နိုင်ငံသားဖြစ်ခွင့်မရှိလျှင် သက်သေခံကတ်ပြားကိုလက်မခံနိုင်ဟု ငြင်းဆန်နေသည်။ သုတေသနပြုလုပ်စဉ်အတွင်း အိမ်နီးချင်းတစ်ဦးပြောသည်မှာ -

> ရိုဟင်ဂျာဆိုတဲ့ ကိုယ်ပိုင်သတ်မှတ်ချက်ကိုတောင်းဆိုရတဲ့နောက်ကွယ်မှာ အကြောင်းအရင်းရှိပါတယ်။ မြန်မာနိုင်ငံက လူမျိုးစုပေါင်းစုံဟာ သူတို့ရဲ့လူမျိုးစုဆိုင်ရာ ကိုယ်ပိုင်သတ်မှတ်ချက်တွေအလိုက် နိုင်ငံသားဖြစ်ခွင့်ရကြတယ်... အဲ့ဒီလူမျိုးစုတွေကိုကျတော့ လူမျိုးစုကိုယ်ပိုင်သတ်မှတ်ခွင့်ကိုပေးပြီးတော့ ကျနော်တို့ ရိုဟင်ဂျာတွေကိုကြတော့ မပေးနိုင်ဘူးဖြစ်နေတယ်။ အခြားလူမျိုးစုတွေအားလုံး လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားခွင့်ရှိတယ် ဒါပေမယ့် ကျနော်တို့က အဲ့လိုသွားလို့မရဘူး။ ဗမာပြည်မှာက အစစအရာရာလူမျိုးစုသတ်မှတ်ချက်အပေါ်မူတည်နေတယ် ဒါကြောင့်မို့လို့ ကျနော်တို့က နိုင်ငံသားဖြစ်ခွင့်ကို လူမျိုးစုဖြစ်ခွင့်နဲ့အတူပေးဖို့ လူတိုင်းကိုတောင်းဆိုနေရတာပါ။

၂၀၁၉ စက်တင်ဘာအစောပိုင်းက ရိုဟင်ဂျာအရေးလှုပ်ရှားနေသည့်အဖွဲ့အစည်းတစ်ခုဖြစ်သော Fortify Rights မှ ရေးသားထုတ်ဝေခဲ့သည့် အစီရင်ခံစာတွင် [8] မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များအား သေနတ်ဖြင့်ချိန်၍ သက်သေခံကတ်ပြားများလက်ခံရန် ဖိအားပေးခဲ့သည့် ကိစ္စများကို မှတ်တမ်းတင်ဖော်ပြထားကာ ရိုဟင်ဂျာများ၏ ပြောဆိုချက် “သက်သေခံကတ်ပြားရဖို့အတွက် ဖြည့်ရတဲ့စာရွက်စာတမ်းက ကျနော်တို့ကို အရှက်ရစေတယ်။ အဲ့ဒီထဲမှာ ကျနော်တို့ဟာအပြင်လူတွေပါ လို့ဖော်ပြထားတယ်” ကိုလည်း မှတ်တမ်းတင်ထားသည်။ ဤအချက်သည် မှတ်ပုံတင်စနစ်၏ရလဒ်သာမက မှတ်ပုံတင်သည့်လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်ပါ ဦးတည်ခံရသူများ၏ ဂုဏ်သိက္ခာနှင့်ရပိုင်ခွင့်တို့အပေါ် သက်ရောက်မှုရှိကြောင်း မီးမောင်းထိုးပြနေသည်။ အစီရင်ခံစာတွင်နောက်ထပ် ၂၀၁၇ ဇူလိုင်ကဖြစ်ပွားခဲ့သည့် အဖြစ်အပျက်တစ်ခုကိုလည်း မှတ်တမ်းတင်ထားသည် -

> မြန်မာတပ်မတော်နှင့် အစိုးရအရာရှိများ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ဗန္ဓုလကျေးရွာဟုလည်း အများသိကြသည့် ဘော်တူလာကျေးရွာ သို့ဝင်ရောက်လာခဲ့ပြီး ရိုဟင်ဂျာအုပ်စုများကို သက်သေခံကတ်ပြားကိုလက်ခံရန် အတင်းအကျပ်ခိုင်းစေခဲ့ပြီး အချို့အခြေအနေတွင် သေနတ်ဖြင့်ချိန်၍ လက်ခံခိုင်းခဲ့သည်။ “စစ်သားတွေက တံခါးကိုပိတ်လိုက်ပြီးတော့ သေနတ်ကိုင်ထားပြီး ကျနော်တို့ကို ဝိုင်းလိုက်တယ်” ဟု အသက် ၆၁ အရွယ် ရိုဟင်ဂျာအမျိုးသားတစ်ဦးက Fortify Rights သို့ပြောပြသည်။ မြန်မာအစိုးရက သူနှင့်သူ၏မိသားစုဝင် ၇ ဦးထဲမှ ၄ ဦးအား သက်သေခံကတ်ပြားကိုလက်ခံရန် အတင်းအကြပ်ခိုင်းစေခဲ့သည်။ “သူတို့က အမျိုးသားနဲ့ အမျိုးသမီးတွေကို ခွဲလိုက်တယ်...

---

[7] Ibrahim, A. (2019, August 1). Myanmar Wants to Track Rohingya, Not Help Them. Foreign Policy. https://foreignpolicy.com/2019/08/01/myanmar-wants-to-track-rohingya-not-help-them/

[8] Fortify Rights. (2019). Tools of Genocide—National Verification Cards and the Denial of Citizenship of Rohingya Muslims in Myanmar. https://www.fortifyrights.org/downloads/Tools%20of%20Genocide%20-%20Fortify%20Rights%20-%20September-03-2019-EN.pdf.

> သက်သေခံကတ်ပြား လက်ခံဖို့ တကယ်ခြိမ်းခြောက်ခံရတယ်။ အရမ်းဆိုးဝါးတဲ့အခြေအနေကို ကျနော်တို့ကြုံခဲ့ရတာပါ။” [9]

## ဒစ်ဂျစ်တယ်မှတ်ပုံတင်စနစ်

မြန်မာတပ်မတော်၏ ရိုဟင်ဂျာအများစုနေထိုင်သည့်ဒေသများတွင် စစ်ဆင်ရေးပြုလုပ်ခြင်းများကို တုံ့ပြန်သည့်အနေဖြင့် ၂၀၁၈ ဇွန်လကတည်းက ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးများရုံး (UNHCR) တို့ပူးပေါင်း၍ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်ပြေးလာသော ရိုဟင်ဂျာဒုက္ခသည်များကို ပူးပေါင်းမှတ်တမ်းပြုစု၍ မှတ်ပုံတင်ကတ်များထုတ်ပေးသည့်အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ အဆိုပါ အစီအစဉ်ကို “အကာအကွယ်ပေးရေး၊ မှတ်ပုံတင်စီမံခန့်ခွဲရေး၊ မှတ်တမ်းယူရယူရေး၊ ထောက်ပံ့ကူညီမှုပေးအပ်ရေး၊ လူဦးရေးစာရင်းအင်းနှင့် ခန့်မှန်းချေ ၉ သိန်း (၉၀၀၀၀၀) ခန့်သော ဒုက္ခသည်များအတွက် ပြဿနာများပြေလည်ရေး” ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ [10] ၂၀၁၉ သြဂုတ်လအထိ ကော့ဘဇားနယ်မြေအတွင်းရှိ စခန်း ၇ ခုမှ တစ်နေ့လျှင် ပျမ်းမျှဒုက္ခသည်ဦးရေ ၅၀၀၀ ခန့်ကို မှတ်ပုံတင်ပေးနေပြီဖြစ်သည်။ [11] UNHCR ဝန်ထမ်းများက မျက်ကြည်လွှာစကန်ဖတ်ခြင်း၊ လက်ဗွေနှင့် မိသားစုအချက်အလက်များရယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါအချက်အလက်များနှင့် ချိတ်ဆက်ထားသော စမတ်ကတ်များကို UNHCR နှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့က ပူးတွဲ၍ ထုတ်ပေးသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ရိုဟင်ဂျာဒုက္ခသည်များ မိမိသဘောဆန္ဒအလျောက် နေရပ်သို့ပြန်ရေးကြိုးပမ်းမှု အရေးနိမ့်ပြီးနောက်တွင် ဒုက္ခသည်များ၏အချက်အလက်များကို မြန်မာအစိုးရနှင့် ဝေမျှခြင်းများ စတင်ပြုလုပ် လာခဲ့သည်ဟုဆိုကြသည်။ [12] ၂၀၁၉ ဇူလိုင်တွင် ရိုဟင်ဂျာ ၂၅၀၀၀ တို့၏စာရင်းအချက်အလက်ကို မြန်မာဘက်သို့ လွှဲပြောင်းပေးခဲ့ပြီး [13] လူမှုကွန်ယက်ပေါ်မှ သတင်းများက [14] ပေးလိုက်သောအချက်အလက်များတွင် ဓါတ်ပုံနှင့်လက်ဗွေမိတ္တူများလည်းပါဝင်သည်ဟု ပြောဆိုကြခြင်းရှိသော်လည်း ထိုအချက်ကို အတည်ပြုနိုင်ခြင်းမရှိသေးပါ။  ဘင်္ဂလားဒေ့ရှ်မီဒီယာ၏ အဆိုအရ စုစုပေါင်း ရိုဟင်ဂျာ ၅၅၀၀၀ ၏ နာမည်များပါဝင်သော စာရင်းအချက်အလက် ၃ ခုကို ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာအစိုးရသို့လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ [15] သုတေသနအဖွဲ့အနေဖြင့် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် UNHCR တို့ သုံးပွင့်ဆိုင် မိမိသဘောဆန္ဒအလျောက် နေရပ်သို့ပြန်ရေး သဘောတူညီချက်ထားရှိခဲ့သည့် အထောက်အထားတစ်ခုမှမတွေ့ခဲ့ရပါ။ [16] ထိုကဲ့သို့သော

---

[9] Ibid. Page 10.

[10] UNHCR. (2018, July 6). Joint Bangladesh/UNHCR verification of Rohingya refugees gets underway. https://www.unhcr.org/en-us/news/briefing/2018/7/5b3f2794ae/joint-bangladeshunhcr-verification-rohingya-refugees-gets-underway.html

[11] UNHCR. (2019). More than half a million Rohingya refugees receive identity documents, most for the first time. https://www.unhcr.org/news/briefing/2019/8/5d4d24cf4/half-million-rohingya-refugees-receive-identity-documents-first-time.html

[12] နိုင်ငံတကာအစီရင်ခံစာအကြမ်းကို တုံ့ပြန်သည့်အနေဖြင့် UNHCR မှ “ဒုက္ခသည်များ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်စောင့်ရှောက်ထားခြင်းသည် ဒုက္ခသည်များကိုအကာအကွယ်ပေးရေးအတွက် မဖြစ်မနေလိုအပ်သည့် အပိုင်းဖြစ်သည်။ အဖွဲ့အစည်းအနေဖြင့် ၂၀၁၄ မှစတင်ကာ UNHCR မှ စိုးရိမ်ရ (ဤစာစုကို ‘နှင့် ပတ်သက်’ ဖြင့် အစားထိုးသင့်) သူများ၏ ကိုယ်ရေးအချက်အလက်ကို အကာအကွယ်ပေးရေးမူဝါဒများ ချမှတ်ကျင့်သုံးခဲ့ပြီး အဖွဲ့၏နိုင်ငံတကာအစီအစဉ်များတွင် လိုက်နာဆောင်ရွက်မှုရှိရန်အတွက် အကြီးတန်း အချက်အလက်အကာအကွယ်ပေးရေး အရာရှိကို ခန့်အပ်ထားခဲ့ပြီးဖြစ်သည်” ဟုပြောဆိုခဲ့သည်။

[13] Radio Free Asia. (2019, July 29). Bangladesh Gives Myanmar 25,000 Rohingya Names for Potential Repatriation. https://www.rfa.org/english/news/myanmar/bangladesh-refugees-07292019172753.html

[14] Capili, A. (2019). Arnel Capili on Twitter: https://twitter.com/arnelcapili/status/1155764445462716416

[15] Radio Free Asia. (2019, July 29). Bangladesh Gives Myanmar 25,000 Rohingya Names for Potential Repatriation. https://www.rfa.org/english/news/myanmar/bangladesh-refugees-07292019172753.html

[16] သုံးပွင့်ဆိုင် မိမိသဘောဆန္ဒအလျောက်နေရပ်သို့ပြန်ရေး သဘောတူညီချက်ဆိုသည်မှာ UNHCR၊ မူလနိုင်ငံနှင့် ခိုလှုံရာနိုင်ငံတို့အကြားထားရှိသော သဘောတူညီချက်ဖြစ်ပြီး နေရပ်သို့ပြန်ရောက်အပြီး ဒုက္ခသည်အခွင့်အရေးများခံစားခွင့်နှင့် (နှင့်’ အစား ၊ (ပုဒ်ကလေး)’ သုံးသင့်) နေရပ်သို့ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် အကူအညီများရယူခွင့်အပါအဝင်

သဘောတူညီချက်မျိုးသာရှိထားမည်ဆိုပါက သီအိုရီအရ မည်သည့်အချက်အလက်များကို မြန်မာအစိုးရသို့ မည်သည့်ပုံစံဖြင့် ဝေမျှမည်စသည်တို့ကို ရှင်းလင်းစွာသိရမည်ဖြစ်ပြီး အစီရင်ခံစာရေးနေချိန်ထိ မည်သို့သော သဘောတူညီချက်မျိုးကိုမှ အများပြည်သူသို့ကြေညာခြင်း သို့မဟုတ် အတည်ပြုပြောဆိုခြင်းမှုရှိသေးပါ။ ထိုအစား UNHCR သည် အစိုးရတစ်ရပ်ချင်းစီနှင့် သီးခြား နားလည်သဘောတူညီမှုစာချုပ်များချုပ်ဆိုကာ အလုပ်လုပ်နေဆဲဖြစ်သည်။ [17]

## ရှင်သန်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများ

၂၀၁၉ မတ်လနှင့် ဧပြီလအတွင်း ကော့ဘဇားနယ်တွင်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများနှင့် ဆွေးနွေးပွဲများသည် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် UNHCR တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မှတ်ပုံတင်စနစ်တွင် ပါဝင်ပတ်သက်မှုရှိခဲ့ကြသည့်ဒုက္ခသည်များ၏ ရှင်သန်ဖြတ်သန်းခဲ့ရသောအတွေ့အကြုံများကို တစိတ်တပိုင်း မီးမောင်းထိုးပြနေပါသည်။ မှတ်ပုံတင်စနစ်နှင့်ပတ်သက်၍ လူအများ၏အတွေ့အကြုံကို သုတေသနပြုလုပ်ထားခြင်း အလွန်နည်းပါးသည်ဖြစ်ရာ ဤအရည်အသွေးသုတေသနပြုစုချက်သည် အချို့သောလူတစ်ဦးချင်းစီ၏ အမှန်တကယ်ဖြတ်သန်းခဲ့ရသော အတွေ့အကြုံကို နားလည်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။ နားလည်ရန်အရေးကြီးသည့်အချက်မှာ ဒုက္ခသည်အားလုံး တစ်ပုံစံတည်းတူညီသော အတွေ့အကြုံများမရှိကြပါ။ ဤဖြစ်ရပ်လေ့လာချက်တွင် ဖော်ပြထားသော အတွေ့အကြုံများသည် တရားဝင်ထုတ်ပြန်ကြေငြာထားသော အစီရင်ခံစာများ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် UNHCR တို့၏ လမ်းညွှန်ချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်မှတ်ပုံတင်စနစ်ဖြင့်ဖြေရှင်းခြင်း အပေါ် အကျယ်ဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် လေ့လာမှုတစ်စိတ်တစ်ပိုင်းပြုလုပ်လိုခြင်းသာဖြစ်သည်။

## သတင်းထုတ်ပြန်ခြင်းနှင့် သတင်းဖြန့်ကျက်ခြင်း

UNHCR ၏ လူထုနှင့်ထိတွေ့ဆက်ဆံခြင်း လမ်းညွှန်ချက်များ ရှိသော်ငြားလည်း [18] တွေ့ဆုံမေးမြန်းခဲ့သူများက ပြောကြားလာသည်မှာ ဒစ်ဂျစ်တယ်မှတ်ပုံတင်စနစ်နှင့် ပတ်သက်၍ ၎င်းတို့အနေဖြင့် သတင်းအချက်အလက် အနည်းငယ်သာရရှိခဲ့ပြီး ရရှိသည့် သတင်းအချက်အလက်များမှာလည်း ကိုက်ညီမှုမရှိကြောင်း သိရသည်။ သတင်းအချက်အလက်များကို ရပ်ကျေးခေါင်းဆောင်များသို့ ဖြန့်ဝေခဲ့ပြီး အဆိုပါခေါင်းဆောင်များက မိမိတို့သက်ဆိုင်ရာအသိုင်းအဝိုင်းအတွင်း ပြန်လည်ဖြန့်ဝေကြသည်။ တွေ့ဆုံမေးမြန်းခဲ့မှုများအရ အမျိုးသမီးများသည် သတင်းအချက်အလက်ကို နောက်ဆုံးမှသိရသူများဖြစ်ပြီး အများအားဖြင့် နေထိုင်ရာပတ်ဝန်းကျင်ရှိ အမျိုးသား/ လူငယ်အမျိုးသားများထံမှ တစ်ဆင့်ကြားသိရခြင်းဖြစ်သည်။ မသန်စွမ်းအမျိုးသမီးအုပ်စုနှင့် ဆွေးနွေးပွဲတွင် အမျိုးသမီးတစ်ဦးက “သူတို့က အမျိုးသားတွေနဲ့ပဲ တွေ့ဆုံဆွေးနွေးတာတွေလုပ်ကြတာ။ မိသားစုမှာ အမျိုးသားလူငယ်ရှိတဲ့သူတွေဆိုရင်တော့ ဆွေးနွေးပွဲကို သွားတက်လို့ရတယ်” ဟု ပြောသည်။

ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်များကယ်ဆယ်ရေးနှင့် နေရပ်သို့ပြန်လည်ပို့ဆောင်ရေးမင်ကြီးများရုံးမှ မှတ်ပုံတင်ကတ်နှင့်ပတ်သက်၍ နားလည်မှုလွဲမှားနေသည်များကို ရှင်းလင်းရန် ကြိုးပမ်းခဲ့သည် ဟုဆိုသော်လည်း ပြောကြားချက်များအရ လာရောက်မှတ်ပုံတင်သူဦးရေ လျော့ကျသွားမှသာ

ရွှေ့ပြောင်းဒုက္ခသည်များ မူလနိုင်ငံသို့ မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်နိုင်ရေး အစီအစဉ်အသေးစိတ်ကို ဖော်ပြထားသော သဘောတူညီချက်ဖြစ်သည်။

[17] UNHCR. (2018). Bangladesh and UNHCR agree on voluntary returns framework for when refugees decide conditions are right. https://www.unhcr.org/en-us/news/press/2018/4/5ad061d54/bangladesh-unhcr-agree-voluntary-returns-framework-refugees-decide-conditions.html

[18] [18] UNHCR. Communicating with communities on registration. Guidance on registration and identity management. https://www.unhcr.org/registration-guidance/chapter4/

ထိုသို့ရှင်းလင်းခဲ့သည်ဟု သိရသည်။ မင်းကြီးက ထိုစဉ်ကပြောခဲ့သည်မှာ “သူတို့က သံသယတွေရှိနေကြတာ… အဲ့ကြောင့်ကျနော်တို့က အုပ်စုလိုက်တွေ့ဆုံဆွေးနွေးပွဲတွေအများကြီးနဲ့ ထပ်ခါထပ်ခါလုပ်ခိုင်းတာ… ဒါက သူတို့ကောင်းဖို့အတွက်ပဲဖြစ်တယ်ဆိုတာကို သူတို့နားလည်အောင် ကျနော်တို့ကြိုးစားခဲ့ကြပါတယ်” ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့တွေ့ဆုံခဲ့သည့် ဒုက္ခသည်အချို့မှာမူ RRRC နှင့် UNHCR ကပေးသော သတင်းအချက်အလက်များကို ယုံကြည်ခြင်းမရှိပဲ ပြင်ပရှိ၄င်းတို့၏ အသိုင်းအဝိုင်းများထံမှ အကြံဉာဏ်များရယူကြသည်။ ဆန္ဒပြခေါင်းဆောင်တစ်ဦးက ပြောကြားသည်မှာ -

> ရုံးကိုမသွားခင်တစ်ရက်အလိုမှာ ကျနော်တို့ရဲ့ပြည်ပမှာရှိတဲ့ခေါင်းဆောင်တွေကို မှတ်ပုံတင်ကတ်ဓါတ်ပုံကို Facebook ကနေပို့လိုက်ပြီး အကြံဉာဏ်တောင်းကြည့်တယ်။ နောက်ရက်ကျတော့ ရိုဟင်ဂျာအခွင့်အရေးလှုပ်ရှားနေသူအဖွဲ့ရုံးကိုသွားတယ်။ သူတို့ကကျနော်တို့ကို ဒီကတ်တွေကို လက်မခံဖို့ပြောတယ်၊ ပြည်ပမှာရှိတဲ့ခေါင်းဆောင်တွေကလည်း ဒီကတ်ကို လက်မခံဖို့ပြောတယ်။

အချို့ဒုက္ခသည်များအတွက် ဘာသာစကားအတားအဆီးကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ ၄င်းတို့ကိုထုတ်ပေးသော စမတ်ကတ်များမှာ အင်္ဂလိပ်နှင့် ဘင်္ဂါလီဘာသာဖြင့် ရေးသားဖော်ပြထားသော ကတ်များဖြစ်သည်။ စာအရေးအဖတ်မလုပ်နိုင်သော ဒုက္ခသည်များ [19] သို့မဟုတ် အင်္ဂလိပ် သို့မဟုတ် ဘင်္ဂါလီစာမဖတ်နိုင်သူများအတွက် ၄င်းတို့၏ မှတ်ပုံတင်ကတ်များပေါ်တွင် ဘာရေးထားသည်ကို မသိနိုင်ကြပါ။
စမတ်ကတ်ပေါ်တွင် မည်သည်တို့ကိုဖော်ပြထားပါသနည်းဟု မေးကြည့်သည့်အခါ ပါဝင်ဆွေးနွေးသူတစ်ဦးက “ကျနော်တို့လည်း ဘယ်သိပ့်မလဲ အကိုရာ… ကျနော်တို့က အင်္ဂလိပ်လိုရော ဘင်္ဂါလီလိုရော ဖတ်မှမဖတ်တတ်တာ” ဟု ပြောသကဲ့သို့ အခြားတစ်ဦးကလည်း “ဘာများရေးထားနိုင်မလဲ? သူတို့လည်း ကျနော်တို့ဟာ ဘင်္ဂါလီလူမျိုးဖြစ်ပါတယ်လို့ ရေးမှာမဟုတ်ဘူးလေ ဟုတ်တယ်မှတ်လား? သူတို့လည်း ကျနော်တို့ဟာ ဗမာပြည်ကဖြစ်တယ်လို့ရေးချင်ရေးမှာပဲ။ မဖတ်နိုင်ဘူးဆိုတော့ မသိနိုင်ဘူးပေါ့” ဟု ပြောခဲ့သည်။

[19] Bhatia, A., Mahmud, A., Fuller, A., Shin, R., Rahman, A., Shatil, T., … Balsari, S. (2018, December). The Rohingya in Cox's Bazar. Health and Human Rights, 20(2), 105–122: https://www.ncbi.nlm.nih.gov/pmc/articles/PMC6293360/

မှတ်ပုံတင်ရန်ငြင်းဆန်ခြင်း - ၂၀၁၈ နိုဝင်ဘာက (လအတွင်း' နှင့် အစားထိုးရန်) ဆန္ဒပြမှု ကော့ဘဇားတွင် (ကျွန်ုပ်တို့အဖွဲ့' ကို ထပ်ထည့်ရန်) ကွင်းဆင်းသုတေသန ပြုလုပ်နေပြီး (မပြုလုပ်ခင်' နှင့် အစားထိုးရန်) မကြာမီတွင် (အချိန်မရွေးမနှောင်းတွင်ပင်' နှင့် အစားထိုးရန်) ဒုက္ခသည်များက (UNHCR ၏ မှတ်ပုံတင်စနစ်အား ဆန့်ကျင်' ကို ဤနေရာသို့ ရွှေ့ရန်) ဆန္ဒပြပွဲတစ်ခုပြုလုပ်ကာ UNHCR ၏ မှတ်ပုံတင်စနစ်ကိုဆန့်ကျင်၍ (ဤစာစုကို ပယ်ဖျက်ရန်) မှတ်ပုံတင်ရန် ငြင်းဆန်ခဲ့ကြသည်။ ဆန္ဒပြပွဲခေါင်းဆောင်များက ပြောကြားသည်မှာ အဆိုပါမှတ်ပုံတင်ကတ်များတွင် ၄င်းတို့သည် "ရိုဟင်ဂျာ" ဖြစ်သည်ဟု ဖော်ပြထားခြင်းမရှိသောကြောင့် ငြင်းဆိုရခြင်းဖြစ်သည် ဟုဆိုသည်။ မာဂျ်ဟိတစ်ဦးက (ပယ်ဖျက်ရန်) "ကျနော်တို့ကို ရိုဟင်ဂျာမွတ်စလင် လို့ မှတ်တမ်းတင်ပေးရင် ဒုက္ခသည်တွေက စာရင်းကောက်တဲ့အထဲမှာ ပါဝင်ကြမှာပဲ။ ဒီလိုမှမဟုတ်ရင်တော့ ပါကြမှာမဟုတ်ဘူး။ လူတွေက ကြောက်နေကြတာ။ သူတို့က ငါတို့ကို ရိုဟင်ဂျာလို့မှ အသိအမှတ်မပြုရင် ဘာကြောင့် ငါတို့ရဲ့အချက်အလက်တွေကိုပေးရမှာလဲ ပြောကြတယ်" ဟုလည်း (မာဂျ်ဟိတစ်ဦးက' ကို ဤနေရာတွင် ပြောင်းထားရန်) ကျွန်ုပ်တို့အဖွဲ့ကို ပြောပြခဲ့သည်။

ရိုဟင်ဂျာဒုက္ခသည်အများစုအတွက် ဤပြဿနာသည် မြန်မာနိုင်ငံတွင် သက်သေခံကတ်ပြားနှင့် ပတ်သက်၍ကြုံတွေ့ခဲ့ရသည့် (၎င်းတို့၏' ကို ဤနေရာတွင် ထပ်ထည့်ရန်) ဖြစ်တည်မှုကိုပယ်ဖျက်သည့်အခြေအနေမျိုးကို ပြန်လည်မြင်ယောင်စေသည်။ တွေ့ဆုံမေးမြန်းခဲ့သူတစ်ယောက်ပြောကြားသည်မှာ "သက်သေခံကတ်ပြားက အကိုကြီး (ဤစာစုကို 'မိသားစုထဲမှာဆိုရင် အကြီး' နှင့် အစားထိုးရန်)၊ ဒီစမတ်ကတ်က ညီလေး (အငယ်' နှင့် အစားထိုးရန်) လိုမျိုးဖြစ်နေတယ်။ နှစ်ခုစလုံးက အမြစ် (ရေသောက်မြစ်' ဖြင့် အစားထိုးရန်) တစ်ခုတည်းကနေလာတာပဲ... အဲ့လိုပဲခံစားရတယ်။ ဒီလိုဖြစ်တယ်ဆိုရင် ကျနော်တို့တတွေဟာ ကိုယ့်နိုင်ငံမှာကိုယ် ဧည့်နိုင်ငံသား (နိုင်ငံခြားသား' ကို ကွင်းစကွင်းပိတ်အဖြစ် ထပ်ပေါင်းထည့်ရန်) တွေအဖြစ် ဖြစ်နေဦးမှာပဲ (မှတ်ယူခံနေရဦးမှာပဲ' ဖြင့် အစားထိုးရန်)" ဟူ၍ဖြစ်သည်။

အရက်အတန်ကြာ ကြာပြီးနောက် (ပယ်ဖျက်) စနစ် (မှတ်ပုံတင်စနစ်' သို့မဟုတ် 'မှတ်ပုံတင်လုပ်ငန်းစီမံချက်' ဖြင့် အစားထိုးသင့်) အုပ်ချုပ်ရေးပိုင်းမှသူများ၊ ရပ်ကျေးနှင့် ဆန္ဒပြပွဲခေါင်းဆောင်များအကြား (ရက်အနည်းငယ်ကြာ' ကို ဤနေရာတွင် ထားရန်) ဆွေးနွေးမှုများမှ ပြဿနာပြေလည်စေခဲ့သည်။ အုပ်ချုပ်ရေးပိုင်းမှသူများက (အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများက' ဖြင့် အစားထိုးသင့်) စမတ်ကတ်၏ရည်ရွယ်ချက်နှင့်အတူ ဒေတာအချက်အလက်စုသည့်နေရာတွင် လူမျိုးစုအမည်ကိုပါ သိမ်းဆည်းထားသည်ဖြစ်ပြီး ကတ်ပေါ်တွင်သာထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း ('အုပ်ချုပ်ရေးပိုင်း...' အစချီစာစုကို ဤနေရာတွင် ပြောင်းရွှေ့ထားရန်) ရှင်းပြပြီးမှသာ ဆန္ဒပြသူများက ဆန္ဒပြပွဲကိုရုပ်သိမ်းရန် သဘောတူညီခဲ့ကာ မှတ်ပုံတင်ခြင်းကိစ္စကို ပြန်လည်လုပ်ဆောင်ခဲ့ကြသည်။ RRRC မှ အဆိုပါတုံ့ပြန်မှုအပေါ် ပြောကြားသည်မှာ - (အောက်ပါအတိုင်း ပြောကြားခဲ့သည်။' ဖြင့် အစားထိုးသင့်)

> သူတို့က ရိုဟင်ဂျာလူမျိုးစု (ဖြစ်တယ်' ကို ထပ်ပေါင်းထည့်သင့်) ဆိုတဲ့အချက်ကို ကတ်ပေါ်မှာ ထည့်စေချင်ကြတာ ဒါပေမယ့် ကျနော်တို့က သူတို့နားလည်အောင်ပြောပြရတယ - (မူရင်းအတိုင်း '...' ကို အသုံးပြုသင့်) လူမျိုးစု (အမည်' ကို ထပ်ပေါင်းထည့်သင့်) ကို [illegible] ထည့်လေ့မရှိပါဘူးလို့... ဒီမှာက အဲ့လိုလုပ်ဖို့လည်း

ကျွန်ုပ်တို့ [illegible] စနစ်တွင် ပါဝင်ပတ်သက် [illegible] တွေကို စနစ်ကိုအ [illegible] သိရသည်။ "လက်မှတ်များကို ပုံတူကူးချ၍ အလွဲသုံးစားပြုလုပ်သည့်" လက်မှတ်အတုများထုတ်ဝေမှုကို လျှော့ကျစေရန်အပြင် [20] အဆိုပါကတ်အားဖြင့် "၎င်းလူမျိုးစုအား နိုင်ငံ၏နိုင်ငံသားများနှင့် ခွဲခြားနိုင်ရန်" အထောက်အကူဖြစ်သည်ဟု

[20] The Engine Room addressed perceived fraud through duplication in Biometrics in the Humanitarian Sector. (2018). https://www.theengineroom.org/wp-content/uploads/2018/05/Oxfam-Report-May2018.pdf

RRRC က ပြောဆိုသကဲ့သို့ "မြန်မာနိုင်ငံဘက်တွင် အခြေအနေပြန်လည်ကောင်းမွန်လာပါက" နေရပ်သို့ပြန်လည်ဝင်ရောက်ရေးအတွက်လည်း အထောက်အကူဖြစ်သည်ဟု ဆိုသည်။ ဒုက္ခသည်တစ်ဦးက ၎င်းအား ကတ်ရှိသည်နှင့်တစ်ပြိုင်နက် သူတို့သည် "UNHCR ၏တာဝန်" ဖြစ်သွားပြီဖြစ်ပြီး ကတ်ပိုင်ဆိုင်သည့်သူများအနေဖြင့် ဒုက္ခသည်အဖြစ်ရပ်တည်နိုင်ကြောင်း ရှင်းပြသည်ဟု ဆိုသည် - "အခု UNHCR က ကတ်တွေပေးလိုက်ပြီဆိုရင် သူတို့က ခင်ဗျားတို့ကို ဒုက္ခသည်တွေအဖြစ် တရားဝင် အသိအမှတ်ပြုဖို့လိုတယ်ဆိုတာကို ကမ္ဘာကသိအောင် ကြေငြာပေးလိမ့်မယ်။" အခြားဒုက္ခသည်တစ်ဦးက "ရိုဟင်ဂျာမည်မျှ ဝင်ရောက်ခိုလှုံနေသည်ကိုသိရှိနိုင်ရန် လူတိုင်း၏ကိုယ်ရေးအချက်အလက်များရရှိနိုင်ရန် အရေးကြီးသည်ဟု ပြောဆိုခဲ့ကြောင်း" ပြောပြသည်။

ပါဝင်ဆွေးနွေးခဲ့သူအများစုက အဆိုပါအချက်အလက်များကို မြန်မာနိုင်ငံသို့ မျှဝေမည်ကို စိုးရိမ်ကြောင်း ပြောပြခဲ့သည် - "ကျနော်တို့မှာ အခုချိန်ထိ သံသယဖြစ်နေတာ တစ်ခုရှိသေးတယ်... သူတို့ကတော့ ကျနော်တို့ရဲ့ ကိုယ်ရေးအချက်အလက်တွေကို မြန်မာအစိုးရကိုမပေးပါဘူးလို့ အာမခံတာပဲ... ဒါပေမယ်သူတို့က လိမ်ပြောပြီး မြန်မာအစိုးရနဲ့ ဒီအချက်အလက်တွေကို ဝေမျှပြီး ကျနော်တို့ကို မြန်မာပြည်ပြန်ပို့လိုက်ရင် ဘယ်လိုလုပ်ကြမလဲ?"

မှတ်ပုံတင်ကတ်၏ရည်ရွယ်ချက်ကို မေးမြန်းကြည့်ရာ အခြေအနေတော်တော်များများတွင် လူအများက မှတ်ပုံတင်ကတ်ကို အောက်တွင်ပါသည့် သဘောဆန္ဒရယူခြင်းအပိုင်းတွင် အကျယ်တဝင့်ဆွေးနွေးထားသည့် ရိက္ခာရယူနိုင်ခြင်း၊ အထောက်အပံ့ရယူနိုင်ခြင်းနှင့်သာ ဆက်စပ်၍နားလည်ကြသည်ကို တွေ့ရသည်။ တွေ့ဆုံမေးမြန်းခဲ့သူများစွာက စနစ်ဟောင်းကကဲ့သို့ ရိက္ခာအမျိုးမျိုးအတွက် ကတ်အမျိုးမျိုးကိုင်ထားရခြင်းထက် ကတ်တစ်ခုတည်းဖြင့်ပြေလည်သွားနိုင်သော စမတ်ကတ်စနစ်ကို ပို၍သဘောကျကြသည် - "အရင်တုန်းကဆိုရင် ကျနော်တို့ကို ကတ်တွေအများကြီးပေးတယ်... ဆန်ထုတ်ဖို့၊ သွေးခုန်နှုန်းတိုင်းဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့၊ ရေနံဆီပေးဖို့ ... အစရှိသဖြင့်ပေါ့ ဒါပေမယ့်အခုအဲ့ဒါတွေအားလုံးအတွက် ကတ်တစ်ကတ်တည်းပဲ ကိုင်ရတော့တယ်။"

ဒုက္ခသည်များသည် ဒစ်ဂျစ်တယ်မှတ်ပုံတင်စနစ်တွင် ခန္ဓာဗေဒအချက်အလက်ကို မည်သည့်ရည်ရွယ်ချက်ဖြင့် ယူကြောင်းနှင့် အချက်အလက်များမတော်တဆပေါက်ကြားသွားပါက မည်သည့်အကျိုးဆက်များ ဖြစ်လာနိုင်ကြောင်း အနည်းငယ်သာနားလည်ကြသည်။ တွေ့ဆုံမေးမြန်းသူများနှင့် ဆွေးနွေးပွဲတွင်ပါဝင်သူများအကြား ခန္ဓာဗေဒအချက်အလက်များရယူခြင်းနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်နားလည်မှုများရှိနေပြီး အဆိုအချက်အလက်များရယူခြင်းသည် UNHCR ၏ လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သည် (နောက်ထပ်အသေးစိတ် သတင်းအချက်အလက်များမပါ) ဆိုသည်မှအစ မျက်ကြည်လွှာစကန်ဖတ်ခြင်းသည် မျက်စိရောဂါရှိမရှိစစ်ဆေးရန်အတွက်ဖြစ်သည် ဆိုသည်အထိ အမျိုးအမျိုးအမြင်ရှိနေကြသည်။ အကယ်၍ ဒုတိယအမြင်အတိုင်းသာ သိမြင်နားလည်ကြသည်ဆိုပါက နားလည်သဘောပေါက်ကာ သဘောဆန္ဒရယူခြင်းကို ဖောက်ဖျက်သည့် သတင်းအချက်အလက် များယွင်းစွာပေးမှု ဖြစ်သည် -

- "ကျနော်သူတို့ကိုမေးတယ် 'ဘာလို့မျက်ကြည်လွှာကို စကန်ဖတ်ရတာလဲ? အစိုးရတွေတောင် အဲ့လိုမလုပ်ပါဘူးလို့'။ သူတို့ပြောတာကတော့ UNHCR ကလုပ်ခိုင်းလို့ လုပ်ရတာပါတဲ့။"
- "သူတို့ကကျနော်ကိုပြောတယ် 'UNHCR က ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဒုက္ခသည်ကိုမဆို မျက်ကြည်လွှာ စကန်ဖတ်တယ်'။"
- "သူတို့ပြောတာကတော့ ကျနော်တို့မှာ မျက်လုံးနဲ့ပတ်သက်တဲ့ရောဂါတွေရှိမရှိသိရအောင် မျက်လုံးကို စစ်တာပါတဲ့။"
- "ပိုက်အကြီးကြီးတစ်ခုကိုသုံးပြီး ကျနော်တို့မျက်လုံးတွေကို တစ်ခုခုလုပ်လိုက်တယ်.. ဟုတ်တယ်.. တစ်ခုခုလုပ်လိုက်တယ်။ အဲ့ထဲမှာ နောက်ထပ်မျက်လုံးတစ်စုံကိုလည်း မြင်လိုက်ရတယ်။"

ဒစ်ဂျစ်တယ်မှတ်ပုံတင်စနစ်တွင် ခန္ဓာဗေဒအချက်အလက်များရယူရခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းကြည့်ရာ RRRC က အဆိုပါလူအုပ်စုသည် ခန္ဓာဗေဒအချက်အလက်များမရှိပဲနှင့်တောင် ခွဲခြားဆက်ဆံခံနေရပြီးသားဖြစ်သည့်အတွက် နောက်ထပ်ဘာမျှစိုးရိမ်နေစရာမရှိကြောင်း ပြောကြားခဲ့သည်။ မင်းကြီးက ဤသို့ပြောကြားခဲ့သည် -

> ခန္ဓာဗေဒအချက်အလက်တွေမရှိလည်း သူတို့အရင်ကတည်းက နှိပ်စက်ညှင်းပန်းခံခဲ့ရတာပဲ... သူတို့သာ နှိပ်စက်ညှင်းပန်းချင်တယ်ဆိုရင်၊ အန္တရာယ်ပြုချင်တယ်ဆိုရင် ဒီအချက်အလက်တွေရှိခြင်းမရှိခြင်းက အရေးမကြီးဘူး.. ဟုတ်တယ်မှတ်လား? ကျနော်သာ လူဦးရေအုပ်စုတစ်စုကို ခွဲခြားချင်တယ်ဆိုရင် သူတို့ရဲ့ ခန္ဓာဗေဒအချက်အလက်တွေကို မလိုဘူး... သူတို့က ၇၀ နှောင်းပိုင်းကတည်းက ဒီဖိနှိပ်ညှင်းဆဲမှုသံသရာမှာ လည်နေခဲ့ကြတာပဲ... ခန္ဓာဗေဒအချက်အလက်တွေက ဘာမှပိုအရေးမကြီးဘူး.. သူတို့ကဘာမှကြောက်စရာမရှိတာကို ကြောက်နေကြတာ။

ဤသို့သော အတွေးအမြင်မျိုးသည် အန္တရာယ်ကျရောက်လွယ်သောလူထုအပေါ်စမ်းသပ်ခြင်းသံသရာကို [21] ဆက်လည်နေစေသကဲ့သို့ဖြစ်ပြီး ဒုက္ခသည်အနေအထားနှင့်ဂုဏ်သိက္ခာကို ကန့်သတ်စေသည့် အတွေးအမြင်မျိုးဖြစ်သည်။ နေရပ်စွန့်ခွာထွက်ပြေးလာရန် ဖိအားပေးခံရသောသူများကို ၎င်းတို့၏မူလနိုင်ငံထက် ပိုမိုကောင်းမွန်စွာဆက်ဆံနေပါသည်ဟု ပြောဆိုခြင်းသည် နိမ့်ပါးသည့် အမြင်ဖြစ်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်က လက်မှတ်ထိုးထားခြင်းမရှိသော်လည်း ကုလသမဂ္ဂ၏ ၁၉၅၁ ဒုက္ခသည်အခြေအနေနှင့် စပ်လျဉ်းသည့် သဘောတူညီစာချုပ်မှ ဖွင့်ဆိုချက်များနှင့်လည်း ကိုက်ညီမှုမရှိပါ။ [22] သို့သော် မင်းကြီး၏မှတ်ချက်သည် တွေ့ဆုံမေးမြန်းခဲ့သည့် ဒုက္ခသည်အချို့၏အမြင်နှင့် သွားရောက်တူညီမှုရှိနေပါသည်။ ဆင်းရဲနွမ်းပါးနေသာ အခြေအနေတွင် စားနပ်ရိက္ခာဖူလုံရေး၊ ခိုလှုံစရာနေရာနှင့် လုံခြုံရေးတို့နှင့်ယှဉ်လျှင် ခန္ဓာဗေဒအချက်အလက်များအတွက် စိုးရိမ်ရခြင်းသည် ဒုတိယဖြစ်သည်ဟု ဆိုကြသည်။

## နားလည်သဘောပေါက်ပြီးသဘောဆန္ဒ ရယူမှုမရှိခြင်း

UNHCR မူဝါဒများတွင် [23] ဝင်ရောက်မှတ်ပုံတင်သူများထံမှ နားလည်သဘောပေါက်ပြီးသဘောဆန္ဒ ရယူပြီးမှသာ ဒစ်ဂျစ်တယ်မှတ်ပုံစနစ်တွင် မှတ်ပုံတင်ပေးရမည်ဟု ပါရှိသည်။ တနည်းဆိုသော် မှတ်တင်သူတိုင်း စနစ်၏အတိမ်အနက်နှင့် ရည်ရွယ်ချက်ကို နားလည်သဘောပေါက်နေရမည်ဖြစ်သည်။ စနစ်၏ရည်ရွယ်ချက်နှင့်ပတ်သက်၍ ကိုက်ညီမှုမရှိစွာ နားလည်နေကြသည်ဆိုလျှင် နားလည်သဘောပေါက်ပြီးသဘောဆန္ဒရယူခြင်းမူဝါဒကို အကောင်အထည်ဖော်သည့်အခါ ပြဿနာများရှိနေကြောင်း အထင်းသားပေါ်လွင်နေသည်။

တက်ကြွလှုပ်ရှားသူခေါင်းဆောင်တစ်ဦးက ပြောပြသည်မှာ လူတစ်ဦးချင်းစီထံမှ ခန္ဓာဗေဒအချက်အလက်ယူရန် သဘောဆန္ဒလိုက်လံရယူသည်မဟုတ်ပဲ UNHCR သို့မဟုတ် အစိုးရတာဝန်ရှိသူမှ စခန်းတစ်ခုပြီးတစ်ခု အစည်းအဝေးများခေါ်ကာ သူတို့အနေဖြင့် “၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို ကောက်ခံလိုကြောင်း... ထိုအချက်အလက်များသည် သူတို့အတွက်မဟုတ်၊ ၎င်းတို့အတွက် အသုံးဝင်ကြောင်း” ပြောဆိုခဲ့သည်ဟု ဆိုသည်။ ဆက်လက်၍ “လူတွေက အလယ်ကိုထွက်လာတဲ့အခါ သူတို့နားလည်ပြီးသားဖြစ်သွားပြီ - သဘောလည်းတူတယ်၊ နားလည်းလည်တယ် ဖြစ်သွားပြီ” ဟု ပြောသည်။ အုပ်စုလိုက်ဆွေးနွေးပွဲများတွင် စမတ်ကတ်အကြောင်းကို မာဂျ်ဟိနှင့် အခြားရပ်ကျေးခေါင်းဆောင်များထံမှသိရသည်ဟု ပြောဆိုခဲ့သောကြောင့် ပို၍ရှင်းရှင်းလင်းလင်းသိရရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။ တက်ကြွလှုပ်ရှားသူခေါင်းဆောင်က အတည်ပြုပြောဆိုသည်မှာ UNHCR သို့မဟုတ် အစိုးရတာဝန်ရှိသူများက

---

[21] Jacobsen, Katja Lindskov. (2015, April 1). “Experimentation in Humanitarian Locations: UNHCR and Biometric Registration of Afghan Refugees”. Security Dialogue 46(2), 144–64. https://doi.org/10.1177/0967010614552545
[22] UNHCR. (1951). The 1951 Refugee Convention. https://www.unhcr.org/en-us/1951-refugee-convention.html
[23] UNHCR. (2018). Chapter 5.2 Registration as an Identity Management Process. Guidance on Registration and Identity Management. https://www.unhcr.org/registration-guidance/chapter5/registration/

ခေါင်းဆောင်များနှင့်သာတွေ့ဆုံခဲ့ပြီး တစ်ဦးချင်းနှင့်တွေ့ဆုံခဲ့ခြင်းမရှိ ဟူ၍ဖြစ်သည် - "လူတိုင်းတော့မပါခဲ့ဘူး ဒါပေမယ့် အရေးကြီးဆုံးလူတွေတော့ပါတယ်။" တွေ့ဆုံမေးမြန်းသူများ ပြန်ပြောင်းပြောပြသည့်ပုံစံအရ အဆင့်ဆင့်သွားသည့်ပုံစံမျိုးဖြစ်ပြီး ရပ်ကျေးခေါင်းဆောင်များက မိမိတို့အုပ်စုကိုယ်စား သွယ်ဝိုက်၍သဘောတူညီမှုပေးလိုက်သည့်ပုံစံမျိုးဖြစ်ကာ ဝန်ထမ်းများက UNHCR ၏ နားလည်သဘောပေါက်ပြီးသဘောဆန္ဒရယူခြင်းမူဝါဒအတိုင်း [24] မှတ်ပုံတင်ချိန်တွင် တစ်ဦးချင်းစီထံမှ သဘောဆန္ဒရယူခြင်းမရှိကြောင်း တွေ့ရသည်။
တွေ့ဆုံမေးမြန်းခဲ့သူများက ပြောကြားသည်မှာ စနစ်အုပ်ချုပ်ရေးပိုင်းမှသူများက ဒုက္ခသည်များအား အထောက်အပံ့များလက်ခံရယူရန် စနစ်တွင်မဖြစ်မနေမှတ်ပုံတင်ရန်လိုအပ်ကြောင်း ပြောခဲ့သည်ဟု ဆိုသည်။ အဆိုပါအနေအထားတွင် ဒုက္ခသည်များအနေဖြင့် ရိက္ခာမရရှိလျှင် မရှင်သန်နိုင်ကြသည့်အတွက် မှတ်ပုံတင်ခြင်းကို ငြင်းဆန်နိုင်ကြမည်မဟုတ်ပေ။ တစ်ဦးကပြောသည်မှာ - "စမတ်ကတ်က မယူမနေရဖြစ်တယ်.. မယူရင် ရိက္ခာမရဘူးလို့ ပြောတယ်... အဲ့တော့ကျနော်တို့မှာ တခြားရွေးချယ်စရာမရှိလို့ ကတ်ကိုယူလိုက်ရတယ်။"

နားလည်လွယ်ကူသောနည်းလမ်းများရှိခြင်းသည် ဝန်ဆောင်မှုတစ်ခုပေးသည့်အခါ လူအများ၏ သဘောဆန္ဒကိုလေးစားမှုရှိရန်အတွက် လိုအပ်သော၊ အရေးပါသော အချက်တစ်ခုဖြစ်သည်။ ထို့အပြင် အန္တရာယ်ကျရောက်လွယ်လူအုပ်စုများအတွက် ရှင်သန်ရေးကိုအဓိကထားနေရချိန်တွင် ကိုယ်ရေးအချက်အလက်များကိုဝေမျှပေးလိုက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို စဉ်းစားဆင်ခြင်နိုင်ခြင်းငှါ မစွမ်းသာပါ။ တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောပြခဲ့သည်မှာ ၎င်းတို့၏ ခန္ဓာဗေဒအချက်အလက်များကြောင့် ဘာဆက်ဖြစ်မည်ကို ကြောက်ရွံ့ခြင်းမရှိပါ - "မြန်မာကိုသာ ကြောက်ပါသည်" ဟူ၍ဖြစ်သည်။ ၎င်းတို့၏ကိုယ်ရေးအချက်အလက်နှင့်ပတ်သက်၍ မည်သူတို့က အန္တရာယ်ပြုနိုင်ပါသနည်းဟု မေးကြည့်သောအခါ အုပ်စုလိုက်ဆွေးနွေးပွဲတွင်ပါဝင်သူတစ်ဦးက "တာပေါလင်စနဲ့ဆောက်ထားတဲ့ အိမ်မှာနေနေရတယ်။ အဲ့မှာအရမ်းပူလွန်းလို့ ဒီလိုမေးခွန်းမျိုးကို ခေါင်းထဲမှာစဉ်းတောင်မစဉ်းစားမိဘူး" ဟု ပြောကြားခဲ့သည်။

အချို့ဒုက္ခသည်များမှာ အထောက်အပံ့အကူအညီများပေးနေသည့် ဘဂလားဒေ့ရှ်အစိုးရကို ကျေးဇူးတင်လွန်းသဖြင့် မည်သည့်အချက်အလက်ကိုမဆိုပေးအပ်ရန် အပြည့်အဝယုံကြည်ကြသည် - "ဘင်္ဂလားဒေ့ရှ်လူမျိုးတွေ ကျနော်တို့အတွက်လုပ်ပေးခဲ့တာတွေကို ဘယ်တော့မှမေ့မှာမဟုတ်ပါဘူး။ သူတို့ကို ဘယ်တော့မှလည်း ကျေးဇူးကျေအောင်ဆပ်နိုင်မှာမဟုတ်ဘူး။ ဘဂလားဒေ့ရှ်အစိုးရကို နားထောင်ပါ့မယ်။ သူတို့က ကျနော်တို့ကို ရောင်းစားရင်တောင် ကျနော်တို့ကဘာမှပြောမှာမဟုတ်ဘူး ဘာလို့လဲဆိုတော့ သူတို့က ကျနော်တို့ကို သေတွင်းကနေကယ်တင်ခဲ့လို့ပဲ။" ဤအချက်သည် ပါဝါအာဏာမညီမျှခြင်း ဥပမာနောက်တစ်ခုဖြစ်ပြီး အာဏာရှိသူတို့အတွက် ဒုက္ခသည်များ၏ ရပိုင်ခွင့်နှင့်ဂုဏ်သိက္ခာကို ထည့်သွင်းမစဉ်းစားပဲ စနစ်အတွင်း ၎င်းတို့ကိုတွန်းပို့ရန် မည်မျှလွယ်ကူကြောင်း ပြသနေသည်။ အခြားဒုက္ခသည်တစ်ဦးပြောသကဲ့သို့ပင် - "ကျနော်တို့က သဘောဆန္ဒအလျောက် ယူနေတာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ အုပ်ချုပ်မှုအောက်မှာ အခုရှိနေတာဆိုတော့ ယူလိုက်တာပဲ။ ခင်ဗျားတို့နိုင်ငံရဲ့ဥပဒေကို လိုက်နာရမှာပေ့ါ။"

စိတ်ဝင်စားစရာကောင်းသည်မှာ ကျွန်ုပ်တို့တွေ့ဆုံဆွေးနွေးခဲ့သော ဒုက္ခသည်များစွာသည် UNHCR ကို မြန်မာအစိုးရနှင့် အစိုးရ၏ သက်သေခံကတ်ပြားအစီအစဉ်တွင် သိသာထင်ရှားစွာ ပူးပေါင်းဆောင်ရွက်နေသည့်အတွက် အယုံအကြည်မရှိပဲ "လိမ်ညာနေသူများ"၊ "ထောင်ချောက်ဆင်သူများ" အဖြစ်မြင်နေကြသည်ကို တွေ့ရသည်။ အီမန်တစ်ဦးက ဤသို့ပြောကြားခဲ့သည် -

> "ဘဂလားဒေ့ရှ်အစိုးရကို ကျနော်တို့မကြောက်ဘူး။ UNHCR ကိုကြောက်တယ်.. ၂၀၁၈ ဇွန်လတုန်းက UNHCR က မြန်မာနဲ့ နားလည်သဘောတူညီမှုစာချုပ်လက်မှတ်ထိုးခဲ့တယ်။ အဲ့စာချုပ်ပါအခြေခံအချက်အနေနဲ့ UNHCR ကကျနော်တို့ကို သက်သေခံကတ်ပြားတွေကို

[24] Ibid.

လက်ခံဖို့ ပြောခဲ့တာတွေရှိတယ်။ အဲ့တော့ UNHCR ကလည်း ကျနော်တို့ကို
ဥပ္ဖိုင်ငံသားတွေဖြစ်စေချင်နေတယ်လို့ မြင်တယ်။"

ဤကဲ့သို့ ယုံကြည်မှုကင်းမဲ့ခြင်းက ဒုက္ခသည်များ စမတ်ကတ်မှတ်ပုံတင်ရန် ငြင်းဆန်ခြင်းတွင် အကြောင်းအရင်းတစိတ်တပိုင်းဖြစ်ခဲ့သည် - "... ဒါပေမယ့် ကျနော်တို့က UNHCR လိုဂိုကို စမတ်ကတ်ပေါ်မှာတွေ့တယ်... အဲ့ဒါကြောင့်လည်း ဒီပြဿနာတွေဖြစ်လာတာပဲ။ သူတို့လိုဂိုသာ မပါဘူးဆိုရင် ကျနော်တို့အတွက် ပြဿနာဖြစ်နေမှာမဟုတ်ဘူး။"

အဆိုးဘက်မှအမြင်ရှိနေမှုများကြောင့် NGO များနှင့် အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းများအပေါ်တွင်လည်း ဆင့်ပွားအကျိုးသက်ရောက်မှုများရှိလာသည်။ အဆိုပါ အီမန်ကပင် ပြောသည်မှာ -

"NGO တိုင်းက ဒီစမတ်ကတ်အကြောင်းပဲပြောနေတာ ဒါပေမယ့် UNHCR သည် NGO အားလုံးရဲ့ အမိကဖြစ်တယ်။ ဒါကြောင့်သူတို့က တခြား NGO တွေရဲ့ သတင်းအချက်အလက်တွေအားလုံးကို ထိန်းချုပ်ထားတယ်... ကျနော်တို့ကို အကြောင်းပြုပြီး NGO အားလုံးက လုပ်ငန်းလုပ်ဖို့ ကြိုးစားနေကြတာချည်းပဲ။ ကျနော်တို့ကောင်းဖို့အတွက် စဉ်းစားကြတာမဟုတ်ဘူး။ NGO တစ်ခုတစ်လေတောင်မှ ကျနော်တို့ကောင်းဖို့အတွက် အလုပ်မလုပ်ဘူး။ သူတို့အဖွဲ့ ဖွံ့ဖြိုးဖို့အတွက်ပဲ လုပ်နေကြတာ... NGO တွေအားလုံး UNHCR နောက်ပဲလိုက်ကြတယ်။ UNHCR ကမှ ကျနော်တို့ကောင်းဖို့အတွက်မလိုလားရင် တခြားဘယ်အဖွဲ့အစည်းက ကျနော်တို့ကောင်းဖို့ လိုလားမှာလဲ? ... ကျနော်တို့သူတို့ကို အကြိမ်ကြိမ်ပြောတယ် ကျနော်တို့ရဲ့ရပိုင်ခွင့်အတွက် အလုပ်လုပ်ကြဖို့... ဒါပေမယ့်သူတို့ ဘာမှမလုပ်ကြဘူး။"

ဆန့်ကျင်ဘက်တွင် ဒုက္ခသည်များ၏ ဘင်္ဂလားဒေ့ရှ်အစိုးအရအပေါ် သိသာထင်ရှားစွာယုံကြည်မှုကလည်း ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအစိုးရနှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ မသိရှိမှုကို ထင်ဟပ်နေသည်။ အဆိုပါအစိုးရနှစ်ရပ်အကြား ပြောဆိုဆွေးနွေးနေမှုများနှင့် စပ်လျဉ်း၍ လုံလောက်သော၊ လက်လှမ်းမီနိုင်သော သတင်းအချက်အလက်များမရှိပဲ ဒုက္ခသည်များသည် ၎င်းတို့၏အကျိုးစီးပွားနှင့် ရည်မှန်းချက်အတွက် ကိုယ်ပိုင်ထင်မြင်ယူဆချက်များဖြင့်သာ ရပ်တည်နေကြမည် ဖြစ်သည်။ ဤကဲ့သို့သော ပြဿနာမျိုးသည် ရိုဟင်ဂျာအရေးတွင်သာ တွေ့ရတတ်သော ပြဿနာမျိုးမဟုတ်သော်လည်း UNHCR၊ အခြားသော အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအတွက် ထိရောက်စွာလုပ်ကိုင်နိုင်ရန် အခက်အခဲဖြစ်စေသည်။

## မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တစ်လျှောက်ပေါ်ပေါက်ခဲ့သော ပြဿနာများ

နားလည်သဘောပေါက်ပြီးသဘောတူဆန္ဒရယူခြင်းမရှိမှုအပြင် ပူးပေါင်းစိစစ်သည့်လုပ်ငန်းစဉ်တစ်လျှောက် ဖြစ်ပွားခဲ့သော အခြားပြဿနာများကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည့် ဒုက္ခသည်များက အသေးစိတ် ပြောပြခဲ့သည်။ အချို့က ကြာရှည်စွာမတ်တတ်ရပ်စောင့်ဆိုင်းနေခဲ့ရပုံ၊ တွေ့ဆုံမေးမြန်းခဲ့သူများစွာတို့က ၅ နာရီထက်ပိုကြာမြင့်စွာ စောင့်ဆိုင်းနေခဲ့ရပုံတို့ကို ပြောပြသည်။ တွေ့ဆုံခဲ့သော အီမန်တစ်ဦးက အဆိုပါအဖြစ်အပျက်ကို ပြန်ပြောင်းပြောပြသည်မှာ -

စမတ်ကတ် တစ်ရက်မှာလုပ်ပေးနိုင်တာထက်ပိုတဲ့ လူအရေအတွက်ကိုခေါ်တယ်။
အဲ့ကိုရောက်ပြီးတော့လည်း အကြာကြီးမတ်တပ်ရပ်စောင့်ရတယ်။
စမတ်ကတ်မလုပ်လိုက်ရတဲ့သူတွေက အိမ်ပြန်ပြီးနောက်တစ်ရက်ပြန်လာတော့လည်း
ဒီလိုအခြေအနေပဲ ထပ်ကြုံရတယ်။ လူတွက လူအုပ်ထဲမှာ ကြပ်ညှပ်နေပြီဆိုရင်
စေတနာ့ဝန်ထမ်းတွေက အခကြေးငွေယူပြီးတော့ အဲ့လူတွေကို စမတ်ကတ်ရဖို့ ရှေ့ကိုပို့ပေးတယ်။
အခကြေးငွေယူတယ်ဆိုတာက ... စည်းမျဉ်းစည်းကမ်းဖောက်ဖျက်တာပဲ။

သုတေသနအဖွဲ့သည် မှတ်ပုံတင်စင်တာအချို့ကို သွားရောက်လေ့လာခဲ့ကြပြီး စောင့်ဆိုင်းရန်နေရာများသည် လူပြွတ်သိပ်ကြပ်ညှပ်နေကာ အပူချိန်၊ လူထူထပ်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များနှင့်

မသန်စွမ်းသူများအတွက် ထိုင်စရာနေရာမရှိခြင်းကြောင့် သက်သောင့်သက်သာအနေအထားမျိုးမဖြစ်သည်ကို တွေ့ခဲ့ရသည်။

ထို့အပြင် မှတ်ပုံတင်လုပ်ငန်းစဉ်သည် ယဉ်ကျေးမှုစံနှုန်းများကိုလည်း အမြဲတစေလေးစားမှုမရှိကြောင်း တွေ့ရသည်။ အမျိုးသမီးများက ခေါင်းဆောင်းများနှင့် လက်ဝတ်တန်ဆာများကို ချွတ်ပေးရသည့်အတွက် အချို့အနေဖြင့် "အရှက်ရစရာ" အတွေ့အကြုံဖြစ်ကြောင်း ပြောပြသည်။ ခေါင်းဆောင်းကိုချွတ်ပေးခဲ့ရသည့် အမျိုးသမီးတစ်ဦးက "ခံစားရခက်တယ်...ကျမကို မလေးစားဘူးလို့ခံစားရတယ် အဲ့တော့ စိတ်ဆိုးတယ်" ဟု ပြောပြခဲ့သည်။ တခြားတစ်ဦးက ပြောပြသည်မှာ -

> ကျမတို့ရဲ့ နားကပ်တွေနဲ့ နှာခေါင်းတန်ဆာတွေကို ချွတ်ပစ်တယ်။ အချက်အလက်ယူရင် ကျမတို့ရဲ့ ခေါင်းဆောင်းကိုချွတ်ပြီး ခေါင်းဗလာဖြစ်အောင်ထားပြီး ယူတယ်။ ကျမတို့ကို အဲ့လို အရှက်ရစေပြီးမှ လုပ်လို့ရတာလား? သူတို့သာ ဒီလိုနည်းလမ်းနဲ့ မလုပ်ခဲ့ဘူးဆိုရင် ကျမတို့ခံစားရသက်သာမှာပဲ။

## သုတေသနပြုပြီးနောက်ပိုင်း အခြေအနေများ

မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများကို ဦးတည်အကြမ်းဖက်သည့်လုပ်ရပ်များစတင်သည့်နေ့ ဒုတိယနှစ်နှစ်ပတ်လည်ကို အမှတ်ရသောအားဖြင့် ၂၀၁၉ ဩဂုတ် ၂၅ ရက်နေ့တွင် ဒုက္ခသည် ၂ သိန်း (၂၀၀၀၀၀) ခန့် ကော့ဘဇားတွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ [25] ထိုအပတ်တွင်ပင် ဘင်္ဂလားဒေ့ရှ်အစိုးရက ရိုဟင်ဂျာများအား နေရပ်သို့ပြန်လည်ပို့ဆောင်ရေးကို ဒုတိယအကြိမ် ကြိုးပမ်းခဲ့သည် သို့သော် တစ်ဦးတစ်ယောက်ကမျှ မိမိသဘောဆန္ဒအလျောက် မြန်မာနိုင်ငံသို့ပြန်မည်ဟု ထုတ်ပြောခဲ့ခြင်းမရှိပါ။ စီတန်းလှည့်လည်ခြင်းအပြီးတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက အောက်ပါအတိုင်း ပြင်းထန်သည့်အရေးယူမှုအချို့ ပြုလုပ်ခဲ့သည် -

- ဘင်္ဂလားဒေ့ရှ်အစိုးရဘက်မှ ရိုဟင်ဂျာအရေးတုံ့ပြန်ဆောင်ရွက်နေမှုများကို ဦးစီးနေသော အစိုးရအရာရှိဖြစ်သူ ဒုက္ခသည်ကယ်ဆယ်ရေးနှင့် နေရပ်သို့ပြန်လည်ပို့ဆောင်ရေးမင်းကြီး မိုဟာမက် အဒူ ခလမ် (Mohammed Abdul Kalam) ကို ရာထူးမှထုတ်ပယ်ခြင်း [26]
- ရိုဟင်ဂျာစခန်းများတွင် လှုပ်ရှားနေသော အစိုးရမဟုတ်သည့်အဖွဲ့ ၄၁ ဖွဲ့၏ လုပ်ငန်းများကို တားမြစ်ပိတ်ပင်ခြင်း
- ကော့ဘဇားတွင် လှုပ်ရှားနေသော နိုင်ငံတကာ NGO ၂ ဖွဲ့၏ လုပ်ငန်းများကို တားမြစ်ပိတ်ပင်ခြင်း [27]

ထို့အပြင် ရိုဟင်ဂျာစခန်းများတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးစနစ်ကို ဖြတ်တောက်ရန် ဆက်သွယ်ရေးကုမ္ပဏီများကို မထင်မှတ်ထားသည့် အမိန့်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ [28] ၂၀၁၇ တွင် ရိုဟင်ဂျာဒုက္ခသည်များကို မိုဘိုင်းဆင်းမ်ကတ်များ ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်ခဲ့ဖူးသော်လည်း [29] ဆက်သွယ်ရေးကုမ္ပဏီများက အဆိုပါတားမြစ်ချက်ကို သေချာစွာစောင့်ကြည့်လေ့လာခြင်း မပြုလုပ်ခဲ့ပါ။ ဘင်္ဂလားဒေ့ရှ် ဆက်သွယ်ရေးဝန်ကြီး မူစတာဖာ ဂျာဘာ (Mustafa Jabbar) က "ရိုဟင်ဂျာဒုက္ခသည်များတွင် အထောက်အထားလက်မှတ်များမရှိခြင်းကြောင့် ဥပဒေအရ ၎င်းတို့အား

---

[25] Al Jazeera. (2019, August 25). "Genocide Day": Thousands of Rohingya rally in Bangladesh camps. https://www.aljazeera.com/news/2019/08/day-thousands-rohingya-rally-bangladesh-camps-190825055618484.html

[26] BNI Online. (2019, September 9). Abul Kalam and 7 Camps-in-Charge transferred from Rohingya refugee area. Burma News International. https://www.bnionline.net/en/news/abul-kalam-and-7-camps-charge-transferred-rohingya-refugee-area

[27] Anadolu Agency (2019, September 11). Bangladesh gets 'tougher' on Rohingya refugees. https://www.aa.com.tr/en/asia-pacific/bangladesh-gets-tougher-on-rohingya-refugees/1578938

[28] BD News 24. (2019, September 3). BTRC orders telecom operators to stop services to Rohingyas in seven days. https://bdnews24.com/bangladesh/2019/09/02/btrc-orders-telecom-operators-to-stop-services-to-rohingyas-in-seven-days

[29] Agence France-Presse. (2017, September 24). Bangladesh imposes mobile phone ban on Rohingya refugees. Yahoo News. https://www.yahoo.com/news/bangladesh-imposes-mobile-phone-ban-rohingya-refugees-073911274.html

ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုရန်မဖြစ်နိုင်ကြောင်း” ပွင့်လင်းစွာ ပြောခဲ့သည်။ [30] ၂၀၁၆ ခုနှစ်မှစ၍ ဘင်္ဂလားဒေ့ရှ်တွင် ဆင်းမ်ကတ်ပိုင်ဆိုင်သူတိုင်း ခန္ဓာဗေဒအချက်အလက် မဖြစ်မနေပေးရသည့်စနစ်ကို စတင်မိတ်ဆက်ခဲ့ပြီး ဆင်းမ်ကတ်မှတ်ပုံတင်သူတို့၏ လက်ဗွေများကို ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ် (National ID cards NIDS) နှင့် တိုက်စစ်ခြင်းများ ပြုလုပ်ခဲ့ကာ ဆင်းမ်ကတ်တစ်ခုစီတိုင်းမှ လူတစ်ဦးချင်းစီကို ပြန်လည်နောက်ကြောင်းလိုက်နိုင်ရန် စီစဉ်ခဲ့သည်။ [31]

ဆက်သွယ်ရေးစနစ်များ ဖြတ်တောက်ခြင်းဖြင့် နည်းပညာနှင့် အထောက်အထားမှတ်ပုံတင်ခြင်းကို ဦးတည်ဖယ်ကျဉ်ရေး နည်းလမ်းများအနေဖြင့် အသုံးပြုနေကြောင်း လေ့လာတွေ့ရှိနိုင်သည်။ ဘင်္ဂလားဒေ့ရှ် ဆက်သွယ်ရေးစစ်ဆေးရေးမင်းကြီးရုံး (BTRC) အား ကြေငြာသည့်ရက်မှ ၇ ရက်အတွင်း “စခန်းများတွင်း မိုဘိုင်းအသုံးပြုသူများကို စိစစ်ရန်” [32] အမိန့်ပေးပြီး ဆက်သွယ်ရေးအော်ပရေတာများကို စခန်းများတွင် 3G နှင့် 4G အင်တာနက်ပေးဝေမှုများ ဖြတ်တောက်ရန် ဖိအားပေးခဲ့ခြင်းဖြင့် ဘဂလားဒေ့ရှ်အစိုးရသည် အစိုးရနှင့် ကော်ပိုရေးရှင်းအာဏာကိုအသုံးပြု၍ အင်တာနက်လက်လှမ်းမှီနိုင်ရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြင်းအထန်ကန့်သတ်လိုက်ခြင်းဖြစ်သည်။ BTRC အရာရှိများက 3G နှင့် 4G အင်တာနက်ပေးဝေမှုကို အကန့်အသတ်မရှိရပ်တန့်ထားသည်မှာ မှန်ကန်ကြောင်း အတည်ပြုပြောဆိုခဲ့ပြီး [33] အသံလှိုင်းဆက်သွယ်မှုများပြုလုပ်နိုင်သော်လည်း အင်တာနက်အသုံးပြု၍မရသော 2G အင်တာနက်ကိုမူ ဆက်လက်ဖွင့်ထားကြောင်း ရှင်းလင်းပြောဆိုခဲ့သည်။

ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် ဆင်းမ်ကတ်များကို “အသက်မဝင်စေရ” ဟူသည့်အမိန့်ကို နည်းပညာအသုံးအနှုန်းအရ လိုက်နာမည်မလိုက်နာမည်ကို သေချာစွာမသိရသေးပါ။ ၂၀၁၉ စက်တင်ဘာလအစောပိုင်းက ဘင်္ဂလီဘာသာဖြင့်ထုတ်ဝေသည့် မီဒီယာတစ်ခုက ဖြစ်နိုင်ချေရှိသည့် အခြေအနေတစ်ခုမှာ ဆက်သယ်ရေးကုမ္ပဏီများအနေဖြင့် စခန်းများအတွင်း အသက်ဝင်နေသည့် ဆင်းမ်ကတ်များစာရင်းကို အစိုးရများနှင့် ဝေမျှရလိမ့်မည်ဖြစ်ပြီး အစိုးရက အဆိုပါဆင်းမ်ကတ်များကို စိစစ်ထားသည့်ဆင်းမ်ကတ်စာရင်းတွင်ပါဝင်ခြင်းရှိမရှိ တိုက်စစ်နိုင်ပြီး မပါဝင်နေသည့် ဆင်းမ်ကတ်များကို ပိတ်ပစ်ရန် အမိန့်ပေးနိုင်သည်ဟု ခန့်မှန်းခဲ့သည်။ [34]

ဘဂလားဒေ့ရှ်အစိုးရကမူ အဆိုပါလုပ်ထုံးလုပ်နည်းများကို “နိုင်ငံတော်လုံခြုံရေးအရ” [35] လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည် သို့သော် ထိုဆောင်ရွက်ချက်အပေါ် ပြင်ပမီဒီယာများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် ရိုဟင်ဂျာမွတ်စလင်များကို ဖယ်ကျဉ်ထားခြင်းသည် ထိရောက်သောဖြေရှင်းနည်းမဟုတ်ဟု ယုံကြည်ကြသော အခြားအစိုးရများထံမှ ရိုဟင်ဂျာအရေးနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ဝေဖန်မှု ခံနေရသည်။ [36]

---

[30] Emont, J. (2019, September 3). Bangladesh cuts mobile access to Rohingya refugees. Wall Street Journal. https://www.wsj.com/articles/bangladesh-cuts-mobile-access-to-rohingya-refugees-11567541883

[31] Rahman, Zara. (2015, December 22). Bangladesh will demand biometric data from all SIM card users. Global Voices. https://globalvoices.org/2015/12/22/bangladesh-will-demand-biometric-data-from-all-sim-card-users/

[32] The Daily Star. (2019, September 02). All SIMs in Rohingya camps to be verified in 7 days. https://www.thedailystar.net/rohingya-crisis/no-mobile-phone-services-for-rohingya-refugees-1794367

[33] New Age. (2019, September 11). No mobile internet in Rohingya camps. http://www.newagebd.net/article/84207/only-2g-services-in-rohingya-camps

[34] Nahid, M. S. R. (2019, September 11). Mobile operators challenge Rohingya sim proof/ ‘রোহিঙ্গা সিম’ প্রমাণের চ্যালেঞ্জে মোবাইল অপারেটররা https://itdoctor24.com/2019/09/11/mobile-operators-challenge-rohingya-sim-proof/

[35] Agence France-Presse. (2017, September 24). Bangladesh imposes mobile phone ban on Rohingya refugees. Yahoo News. https://www.yahoo.com/news/bangladesh-imposes-mobile-phone-ban-rohingya-refugees-073911274.html

[36] See, for example, Human Rights Watch. (2019, September 13). Bangladesh: Internet Blackout on Rohingya Refugees. https://www.hrw.org/news/2019/09/13/bangladesh-internet-blackout-rohingya-refugees# and Griffiths, J. (2019, June 25). Myanmar shuts down internet in conflict areas as UN expert warns of potential abuses. CNN. https://www.cnn.com/2019/06/25/asia/myanmar-internet-shutdown-intl-hnk/index.html.

## နိဂုံးချုပ်နှင့် အကြံပြုချက်များ

ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုအပေါ် ဘင်္ဂလားဒေ့ရှ်အစိုးရ၏တုံ့ပြန်မှုကို ကြည့်ခြင်းအားဖြင့် ဒစ်ဂျစ်တယ်အခွင့်အရေး လှုပ်ရှားနေကြသော အရပ်ဘက်အဖွဲ့အစည်းများသည် ရိုဟင်ဂျာဒုက္ခသည်အရေး လှုပ်ရှားနေသည့်အဖွဲ့များနှင့် ဆက်သွယ်ချိတ်ဆက်ရန် အရေးကြီးနေသည်ဖြစ်ပြီး စည်းရုံးလှုံ့ဆော်မှုများကို အားကောင်းကောင်းဖြင့် ဆက်လက်လုပ်ဆောင်နိုင်ရန် ဗဟုသုတအသိပညာများ ဝေမျှကြရန်လိုအပ်နေသည်။ The Engine Room အနေဖြင့် ကော့ဘဇားရှိ ရိုဟင်ဂျာဒုက္ခသည်အသိုင်းအဝိုင်းနှင့် သုတေသနများ ထပ်မံပြုလုပ်သွားရန် အစီအစဉ်ရှိပြီး တွေ့ရှိချက်များကို ဝေမျှသွားမည်ဖြစ်ကာ ဤအရေးကို ဆောင်ရွက်နေသော လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများအား ချိတ်ဆက်ပေးသွားမည်ဖြစ်သည်။

UNHCR သို့ အကြံပြုလိုသည်မှာ ၎င်းတို့၏ နားလည်သဘောပေါက်ကာသဘောဆန္ဒရယူသည့်မူဝါဒကို ကွင်းဆင်းလုပ်ဆောင်သည့်အခါ လိုက်နာကျင့်သုံးမှုရှိမရှိ သေချာစွာစစ်ဆေးရန်လိုအပ်သည်ဟု အကြံပြုလိုသည်။ စိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်နေရသော လူတစ်ဦးချင်းစီအနေဖြင့် မည်သည့် ခန္ဓာဗေဒအချက်လက်များကိုရယူသည်၊ အဘယ်အတွက်အသုံးပြုမည်ကို နားလည်သဘောပေါက်နေရန် အရေးကြီးပါသည်။ UNHCR နှင့် ရပ်ကျေးခေါင်းဆောင်များအကြား၊ ထိုခေါင်းဆောင်များနှင့် ၎င်းတို့၏အုပ်စုများအကြား ဆက်သွယ်ဆက်ဆံရေးမည်သို့ပင်ရှိစေကာမူ UNHCR ၏ နားလည်သဘောပေါက်ကာသဘောဆန္ဒရယူသည့်မူဝါဒကို မှတ်ပုံတင်သည့်အချိန်တွင် တစ်ဦးချင်းစီအတွက် လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ သတင်းအချက်အလက်များပေးစဉ် ဘာသာစကားအခက်အခဲကိုလည်း ထည့်သွင်းစဉ်းစားကာ နှုတ်အားဖြင့်ဖြစ်စေ၊ ပုံများကိုအသုံးပြု၍ဖြစ်စေ မှတ်ပုံတင်စနစ်နှင့် စမတ်ကတ်တွင်ပါသည့် သတင်းအချက်အလက်များအကြောင်းကို ရှင်းပြနိုင်မည့် ဆက်သွယ်နည်းလမ်းများကိုလည်း စဉ်းစားရမည်ဖြစ်သည်။

နားလည်သဘောပေါက်ကာသဘောဆန္ဒရယူခြင်းသည် အရေးပါသကဲ့သို့ ဒုက္ခသည်များသည် အချက်အလက်လုံခြုံရေးနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မနေနိုင်သည့် အနေအထားတွင်ရှိသည်ဟူသော အချက်ကိုလည်း လျစ်လျူမရှုမိရန်လိုအပ်သည်။ အုပ်စုလိုက်ဆွေးနွေးပွဲတွင် ဖော်ပြခဲ့သည့်အတိုင်း အကြမ်းဖက်မှုလုပ်ရပ်များမှ လွတ်မြောက်လာခဲ့ပြီးနောက် ကြောက်ရွံ့မှုနှင့် နေနေရသေးခြင်း၊ ဒေတာအချက်အလက်တောင်းယူသည့်အဖွဲ့အစည်းထံမှ အခြေခံလိုအပ်ချက်များရယူနေရခြင်းတို့က ဒုက္ခသည်များအပေါ် ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ကော့ဘဇားတွင်ဖြစ်ပေါ်ခဲ့သော ရိုဟင်ဂျာဒုက္ခသည်များ စမတ်ကတ်အပေါ်ဆန္ဒပြမှုမှာ စခန်းတစ်ခုနှင့်တစ်ခုပုံစံကွဲပြားသော်လည်း အဓိကအကြောင်းအရင်းမှာ မြန်မာနိုင်ငံသားဖြစ်ခြင်းကို ကာကွယ်သည့်သဘောဖြင့် ၎င်းတို့၏တိုင်းရင်းသားလူမျိုးစုဖြစ်မှုကို ရှင်းလင်းစွာမှတ်တမ်းတင်ထားစေလိုသည့်သဘောနှင့် နေရပ်သို့ပြန်လည်သွားရောက်သည့်အချိန်တွင် နောက်ထပ်ဖိစီးနှိပ်စက်မှုများမကြုံရလိုသည့် သဘောထားများ ကြောင့်သာဖြစ်ပြီး ခန္ဓာဗေဒအချက်အလက်ရယူသောကြောင့်၊ စခန်းအတွင်း ပါဝါအာဏာအပြိုင်အဆိုင်ဖြစ်မှုကြောင့် ဆန္ဒထုတ်ဖော်ကြခြင်း မဟုတ်ပါ။ ဤအဖြစ်အပျက်များက ဒုက္ခသည်များသည် အသက်အန္တရာယ်ဆုံးရှုံးမည်ကိုစိုး၍ စုစည်းကြသည့်အခါ ပါဝါအာဏာတစိတ်တပိုင်းကို ထုတ်ပြအသုံးချနိုင်ကြသည်ဟု ဆိုနိုင်သော်လည်း တစ်ဦးချင်းစီအနေဖြင့်ကြည့်လျှင်မူ မည်သည့်နည်းနှင့်မှ တွန်းလှန်နိုင်စရာအကြောင်းမရှိပေ။ [37]

The Engine Room သည် နားလည်သဘောပေါက်ကာသဘောဆန္ဒရယူခြင်းနှင့် စပ်လျဉ်းသည့် ပြဿနာဖြေရှင်းနည်းများကို ဆက်လက်ရှာဖွေဖော်ထုတ်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းသွားပါမည်။ ကျွန်ုပ်တို့အနေဖြင့် ဆုံးဖြတ်ချက်ချမှတ်နေသူများနှင့် ဒစ်ဂျစ်တယ်မှတ်ပုံတင်စနစ်ကို

---

[37] အီသီယိုးပီးယားနိုင်ငံရှိ ဒုက္ခသည်စခန်းများအကြောင်း ဖြစ်ရပ်လေ့လာချက်တွင် UNHCR အရာရှိများက (အောက်က ‘ပြောဆိုခဲ့သည်…’ ရှေ့တွင် ထားရန်) ပြောကြားခဲ့သည်မှာ (ပယ်ဖျက်ရန်) မှတ်ပုံတင်လုပ်ငန်းစဉ်တွင် ပါဝင်ရန်ငြင်းဆိုသူမည်သူမဆို အထောက်အပံ့ရရှိမည်မဟုတ်ဟု ပြောဆိုခဲ့သည်ကို သတိရပါ (ပြောဆိုခဲ့ဖူးသည်’ ဖြင့် အစားထိုးသင့်)။

ဖန်တီးပုံဖော်သူများအား ပါဝါအာဏာကွဲပြားမှုကို ထည့်သွင်းစဉ်းစားထားသည့် အခြားနည်းလမ်းများကိုလည်းဖော်ထုတ်ကာ ဒုက္ခသည်များ၏ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာကို လေးစားထိန်းသိမ်းရန် တိုက်တွန်းလိုသကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများအားလည်း အခြားနည်းလမ်းများထွက်ပေါ်လာအောင် စည်းရုံးလှုံ့ဆော်ကြရန် တိုက်တွန်းလိုပါသည်။ ဖြစ်နိုင်သော အခြားနည်းလမ်းများမှာ လတ်တလောရွှေ့ပြောင်းလာသူများထဲမှ ကွဲပြားစုံလင်သောကိုယ်စားလှယ်များဖိတ်ခေါ်ကာ စနစ်၏အဆင့်တိုင်းတွင်ပါဝင်၍ အကြံဉာဏ်များပေးစေခြင်း၊ သတင်းအချက်အလက်ပေးဝေသည့်ပုံစံကို ပိုမိုကောင်းမွန်စေခြင်း၊ ဦးစားပေးအရာများကိုဖော်ထုတ်နိုင်ရန် မကျေနပ်မှုများတိုင်ကြားနိုင်သည့် အစီအစဉ်များ ထည့်သွင်းစဉ်းစားပေးခြင်း၊ ဒုက္ခသည်များကို ရွေးချယ်စရာပေးသည့် အခြားပိုမိုအဓိပ္ပါယ်ပြည့်ဝသော နည်းလမ်းများကို ဖန်တီးခြင်း နှင့် သတင်းအချက်အလက်စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်ကို ပြုပြင်ပြောင်းလဲခြင်းတို့ ဖြစ်နိုင်သည်။

ရိုဟင်ဂျာဒုက္ခသည်များသည် ၄င်းတို့၏ဂုဏ်သိက္ခာနှင့် ဖြစ်တည်မှုကို အကြိမ်ကြိမ်အခါခါ ဆုံးရှုံးခဲ့ရပြီးသူများဖြစ်သည့်အတွက် ၄င်းတို့၏ ဆက်လက်ရှင်သန်ရေးတွင် ဆုံးဖြတ်ချက်များချခွင့်ရှိရန်မှာ သာ၍ပင် အရေးကြီးလာပါသည်။ UNHCR ကိုအယုံအကြည်ကင်းမဲ့နေသည်ဖြစ်ပြီး ၄င်းတို့၏အချက်အလက်များကို မြန်မာအစိုးရနှင့်ဝေမျှနေသည်ဟု သတင်းကြားရသော ဘင်္ဂလားဒေ့ရှ်အစိုးရကို ယုံကြည်မှုရှိနေကြသည်ဖြစ်၍ စမတ်ကတ်နှင့် ခန္ဓာဗေဒအချက်အလက်များ ရယူရခြင်း၏ ရည်ရွယ်ချက်၊ အတိုင်းအတာနှင့် အန္တရာယ်များကို အသိပညာပေးရန် အရေးတကြီးလိုအပ်နေသည်ဟု သုံးသပ်ရပါသည်။